www.burmeseclassic.com

စိုး မိုး စာ ပေ

အကြည်ဝေါ်

# ဟန်နီမွန်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြဲ-၀၃၇၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၆၈၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၈၀၀ ကျပ် |

အကြည်တော်

ဟန်းနီးမွန်း /အကြည်တော်။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၃
၁၂၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) ဟန်းနီးမွန်း




ကြားဖူးပါသည်။

လူတိုင်းသည် မင်္ဂလာပွဲဆင်နွှဲရန်အတွက် တက်ကြွပျော်ရွှင်ကြပါသည်။

"မင်္ဂလာဆောင်ကြမယ်ဟေ့"

ထိုသတင်းကြားသည်နှင့် အားလုံး တက်ကြွပျော်ရွှင်တတ်ကြပါသည်။

သို့သော်. .

ထိုသတင်းပြီးသည်နှင့် သိပ်ပြီးမပျော်ရွှင်ကြတော့။ မင်္ဂလာဖိတ်စာရိုက်ချိန်မှစ၍ ဖိတ်စာဝေချိန်၊ အပတ်အစား



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ချိန်၊ မင်္ဂလာအခမ်းအနားပြင်ဆင်ချိန်၊ အစားအစာများပြင်ဆင်ချိန်၊ စသည် စသည်အချိန်များ၌။

"ဩော် ဒီမင်္ဂလာအခမ်းအနား မြန်မြန်ပြီးမှကောင်းမယ်"

ဟု စိတ်ထဲမှာ တထင့်ထင့် ဖြစ်နေရတတ်ပါတော့၏။

× × ×





ကြားဖူးပါသည်။

တကယ်မင်္ဂလာပွဲ ဆင်နွှဲချိန်၌လည်း တစ်ချက်သာ လိုက်ခနဲ မျှော်ရပြီး

"ဘာတွေအဆင်မပြေဖြစ်ဦးမှာလဲ၊ အစားအသောက်က အဆင်ပြေရဲ့လား၊ လက်ဖွဲ့တွေရော သိမ်းရဲ့လား"

စသည်ဖြင့် စိုးတထိတ်ထိတ် ဖြစ်ရပြန်ပါသည်။

ထိုသို့ဆိုသော် မင်္ဂလာပွဲကျင်းပခြင်းသည် မည်သည့်အချိန်၌ အပျော်ဆုံးဖြစ်မည်နည်း။

"ဩော် မင်္ဂလာပွဲကြီး ပြီးသွားပါရောလား"



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က သတို့သား၊ သတို့သမီးတို့အတွက် အပျော်ဆုံး အချိန်သာ ဖြစ်ပါတော့သည်။

ကျွန်တော် လူတော်တော်များများကို မေးဖူးပါသည်။ အားလုံး က တညီတညာတည်း။

"မင်္ဂလာပွဲပြီးမှပဲ ပျော်နိုင်တော့တယ်ဆရာရေ"

ဆိုသောအဖြေသာ တူညီနေကြပါသည်။

ဟုတ်ပါသည်။ မင်္ဂလာပွဲပြီးသွားလျှင် ကိုယ်လိုချင်သော ပစ္စည်းလဲ သက်သေနှင့်တကွ အတူရပြီမို့ အပျော်ရွှင်ဆုံးသာ ဖြစ်ပေ လိမ့်မည်။

ထိုသို့အပျော်ရွှင်ဆုံးအချိန်ကို ထပ်မံမြှင့်တင်ပေးနိုင်သည့် အချိန်လဲ ရှိပါသည်။

ထိုအရာကား

"ဟန်းနီးမွန်း"

"သို့သော်"..

× × ×





"အေးကွယ်၊ ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းရ ပါစေ"

"စိတ်သွားတိုင်းကိုယ်ပါလို့ လိုအင်ဆန္ဒများလဲ ပြည့်စုံနိုင်ကြ ပါစေ"

သတို့သား သတို့သမီးမိဘများက ဆုပေးသည်။

"ပေးတဲ့ဆုနဲ့ ပြည့်ဝရပါစေ"

သတို့သမီး၊ သတို့သားက ကြည်နူးစွာ ဆုလက်ခံယူသည်။ သတို့သားဖခင်က သက်ပြင်းချရင်း

"အေး မင်္ဂလာပွဲလဲ ပြီးပြီဆိုတော့ ဘာအစီအစဉ်များ ရှိသေး



www.burmeseclassic.com

www.burmeseclassic.com



လဲ”

သူ့အမေးကို သတို့သားက

“လုပ်ငန်းတွေကတော့ အေးဆေးပဲဆိုတော့ ပူစရာမလိုဘူး ဖေဖေ၊ လောလောဆယ်တို့ သားတို့သမီးတို့ ဟန်းနီးမွန်းခရီးလေး ထွက်မလားလို့၊ အဟဲ”

ဟန်းနီးမွန်းအသံကြားတော့ သတို့သမီးအမေ ခေါင်းထောင်သွားသည်။

“ဟန်းနီးမွန်း ဟုတ်လား၊ ဘယ် ဘယ်ကိုသွားကြမှာလဲ”

သူ့အမေးကို သတို့သမီးက ပြုံးစစဖြင့်

“မြန်မာပြည်တစ်ပတ်ပါ မေမေ”

“ဟယ်”

သတို့သမီးအမေက အံ့အားသင့်စွာ ရင်ဘတ်ဖိသည်။ ဒါကို သတို့သားက ဝင်၍

“မြန်မာပြည်တစ်ပတ် ဘုရားလဲဖူးရင်း စိတ်ပြေလက်ပျောက် ခရီးလဲထွက်ရင်းပေါ့”

“ဟယ် အားကျလိုက်တာ”

သတို့သားအမေကပါ အံ့သြတကြီး ရေရွတ်မိသည်။ သတို့သား သတို့သမီးက သူတို့အစီအစဉ်ကို သဘောကျစွာပြုံးလို့။ အတန်ကြာမှ သတို့သမီးအမေက

“အေးဟယ် အားကျလိုက်တာ၊ ဒါနဲ့ မေမေ မေမေတို့လဲ လိုက်လို့မရဘူးလားဟင်၊ စကားအဖြစ်မေးတာပါ၊ ဟိ”

ထိုစကားကို သတို့သားက အားမနာနိုင်စွာဖြင့်

“ဟဲဟဲ မလိုက်ပါနဲ့မေမေရယ် ဟဲဟဲ၊ သားတို့က စကားအဖြစ်သာပြောတာပါ။ ဟဲဟဲ တကယ်တော့ ဘုရားဖူးတာကနည်းနည်း၊ ဟဲဟဲ လိဝ်ဥတူးမှာက များများ ဟဲဟဲ”





သူ့စကားကို သတို့သမီးက တံတောင်နှင့်တွတ်သည်။ သူ့စကားကို သတို့သားအမေကလဲ

“တူးတာလဲတူးပေါ့လေ၊ အမေတို့လဲ အတွဲချောင်းတာ ဝါသနာမပါပါဘူး၊ ဒါပေမယ့် မြန်မာပြည်တစ်ပတ်ဆိုတော့လေ အဟင်း”

ထိုစကားကို သတို့သမီးကပါ

“ဟိုလေ၊ မြန်မာပြည်တစ်ပတ်ဆိုတော့ မေမေတို့အနေနဲ့ဆို ဗင်ပန်းမှာ မေမေရဲ့၊ နောက်ပြီး ကားနဲ့သွားမှာဆိုတော့လေ”

သူ့စကားကို သတို့သားကလဲ

“ဟုတ်တယ်မေမေရဲ့၊ သွားမယ်ဆိုရင်လဲ နောက်တစ်ခေါက်မှ မိသားစုအစုံအလင်နဲ့ သွားကြတာပေါ့နော်”

နှစ်ဖက်မိဘများ သက်ပြင်းချကြသည်။ သားရောသမီးပါ တကယ်မခေါ်ချင်ကြတာကိုး။ ထို့ကြောင့်

“အေးလေ၊ အဲဒါဆိုလဲ လွတ်လွတ်လပ်လပ်သွားကြပေါ့၊ နောက်တစ်ခါမှသာ မိသားစုအစုံအလင်နဲ့ ဘုရားဖူးထွက်ကြတာပေါ့”

သတို့သား သတို့သမီး ပြုံးသွားကြသည်။ မှန်ပေသည်။ ဟန်းနီး မွန်းခရီးကို ကျန်သည့်အနှောင့်အယှက်မဆိုထားနှင့် မိဘများကိုပင် ဦးစားမပေးနိုင် ဖြစ်နိုင်ကြသည်မဟုတ်လား။

ထို့ကြောင့်. .

× × ×



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ညစ်ပါတယ်မောင်ရယ်၊ မင်္ဂလာပွဲမှာ ပျော်ရတာတော့ ဟုတ်ပါရဲ့၊ ဟန်နီးမွန်းထွက်မယ်ဆိုမှ အဟင့်"

မကြာသေးခင်ကမှ မင်္ဂလာပွဲပြီးလာလို့ သတို့သမီးဘဝမှ ပြုတ်လာသော သတို့သမီးပြုတ်ကလေးမှ (ဟုတ်တယ်လေ။ မင်္ဂလာပွဲ ပြီးသွားရင် သူ့ကို သတို့သမီးလို့မှ မခေါ်တော့တာ)ပူပူနွေးနွေး သတို့သား ပြုတ်ကလေးကို မျက်ရည်လည်ရွဲနှင့်ပြောသည်။

"ဘာဖြစ်လို့လဲခင်ရယ်၊ ဘာတွေစိတ်မကောင်းစရာရှိလို့လဲ"

သတို့သားပြုတ်က နှစ်သိမ့်သည်။ သတို့သမီးပြုတ်က နှုတ်ခမ်း စူပြီး





"ဘာဖြစ်ရမှာလဲ မောင်ရဲ့၊ ဟောဒီဂျိုလီကြောင့်ပေါ့၊ အဟင့်"

သတို့သမီးက သူ၏ချစ်လှစွာသော ကြောင်မကြီးအား ပင့် မျှော်ပြီးပြောသည်။ ကြောင်မကြီးက သူ့ရုပ်နှင့်မလိုက်အောင် ငယ် ထိပ်ဖဲပြားစည်းထား၏။ သတို့သမီးဝတ်စုံအဖြူလဲ ဝတ်ထားပြန်သည်။

"ဟန်နီးမွန်းထွက်မယ်ဆိုမှ ဂျိုလီက နေမကောင်းဖြစ်နေ ဘာ၊ အဟင့်"

သတို့သားပြုတ်အောင်ထက် ပြုံးလိုက်သည်။

"ခင်ရယ်၊ မောင်ပါနေပြီပဲ၊ ဂျိုလီက ဘာလိုတော့မှာလဲလို့"

သူ့စကားကို သဒ္ဒါခင်ဟု အမည်ရသော သတို့သမီးပြုတ်မှာ ငိုချလိုက်မလိုဖြစ်ပြီး

"တူမလား၊ မောင်နဲ့က အခုမှပေါင်းရမှာ၊ ခင်က ဂျိုလီနဲ့ ပေါင်းလာတာ ဆယ်နှစ်ကျော်ပြီရှင့် ဆယ်နှစ်ကျော်ပြီ၊ နော် ဂျိုလီ၊ အဟင့်"

"ညောင်"

"အဲ့"

ကြောင်မကြီးက ဟုတ်ကြောင်းမှန်ကြောင်း ထအော်သည်။ အောင်ထက် ဘယ်လိုဖြေရှင်းပေးရမှန်းမသိ။ မှန်သည်။ မှန်ပေသည်။ ဂျိုလီကို သူမက မွေးကင်းစတည်းက ဂျိုလီကို သူမွေးလာတာဖြစ်မည်။ သူ၏ဇနီးအသစ်ကလေး ခင်မှာ ဂျိုလီဆိုသော ကြောင်မကြီးနှင့် တစ်ခါ မှခွဲဖူးသူမဟုတ်။ အမြဲတမ်း ကြောင်ကြီးကို တသသနှင့်မို့ ရည်းစားဘဝ မှာပင် အနှောင့်အယှက် ဖြစ်ခဲ့ရဖူးသည်။ သို့သော် ရည်းစားဘဝမှာ တော့ မပြောပလောက်။ အခု လင်မယားဘဝမှာတော့

"အဲဒီတော့"

"ဂျိုလီမပါရင် ခင်လဲ ဟန်နီးမွန်းမထွက်ချင်ဘူး၊ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ခင်၏ပြတ်သားသောစကားကြားတော့ အောင်ထက်မျက်လုံးပြူးသွားသည်။ နောက် ထိုင်ရမလို ထရမလို ဖြစ်သွားပြီး

"ဟာ အဲ အဲဒါတော့ မဖြစ်ဘူးလေ၊ ဟန်းနီးမွန်းအတွက်ကို မြန်မာပြည်တစ်ပတ် တည်းခိုခန်းတွေ၊ ဟိုတယ်တွေ စီစဉ်ထားပြီးပြီလေ၊ အဲဒါတွေက"

"မသိဘူး၊ ဂျိုလီမပါရင် ဘယ်မှမသွားချင်ဘူး၊ ဒါပဲ"

"ဟာ"

အောင်ထက် ကိုယ့်နဖူးကိုယ် အုပ်ကိုင်ထားမိသည်။ ဤသို့ပင်။ ခင်က တစ်ခါတလေ ဘာမဟုတ်သည့်ကိစ္စနှင့် ခေါင်းမာတတ်သည်။ သူ့ကြောင်မကြီးဂျိုလီနှင့် ပတ်သက်လျှင် အဆိုးဆုံး။ ဟန်းနီးမွန်းကိစ္စကလဲ စီစဉ်ထားပြီးသားကြီး ဖြစ်နေ၍ အဆုံးခံ၍မဖြစ်နိုင်။ ထို့ကြောင့်

× × ×





သာယာလှပသော နေရာတစ်ခုတွင်ဖြစ်သည်။

အောင်ထက်က ချစ်လှစွာသောချစ်သူခင်ကို တစိမ့်စိမ့်ငေးကြည့်နေမိသည်။

အထက်တန်းကျောင်းကတည်းက စတွေ့ခဲ့သော်လည်း တက္ကသိုလ်ကျောင်းပြီးမှ ချစ်သူဘဝ ရောက်ခဲ့ကြသူတွေဖြစ်သည်။ ထို့ကြောင့် တော်ရုံတန်ရုံတော့ တစ်ယောက်အကြောင်းတစ်ယောက် သိကြသည်။

"ခင် မောင့်ကိုချစ်လားဟင်"

ခင်က ပြုံးစစနှင့် ပြန်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း မေးနေရသေးလား၊ အခုမှတွေ့တဲ့သူကျလို့"

ခင်ပြောလဲပြောစရာ။ သူငယ်ချင်းဘဝမှ ချစ်သူဘဝသို့ တက်လှမ်းလာသူတွေကို။

အောင်ထက်က ခင့်လက်ကလေးကို တယုတယဆုပ်ကိုင်ပြီး

"ဘယ်လောက်ချစ်လဲ သိချင်လို့ပါ"

ခင်က ခေတ္တစဉ်းစားသွားသည်။ အနည်းငယ်ကြာမှ

"အဖေရယ် အမေရယ် ပြီးတော့"

ခင်စဉ်းစားပြန်သည်။

"ဂျူလီ"

"ဘာ"

မထင်မှတ်သောစကားကြောင့် အောင်ထက်ကြောင်သွားသည်။ နောက်မှ သတိရပြီး

"ဟင် ဂျူလီ၊ ဘယ်ကဂျူလီလဲ"

ခင်က ပြုံးပြီး

"ခင့်သမီးလေးလေ"

"ဘာ"

အောင်ထက်ခေါင်းတွေ ချာချာလည်ကုန်၏။

"ဟင် ခင် ခင့်မှာ ကလေးရှိတယ်"

ခင်က ပြုံးရင်းသာ

"အင်း ရှိတယ်လေ တစ်ယောက်"

အောင်ထက် ခေါင်းကိုအုပ်ကိုင်ပြီး ခြေလှမ်းများပင် နောက်ဆုတ်သွား၏။

ခင်နှင့်သူ အချိန်အတော်ကြာ ပေါင်းသင်းလာခဲ့ပြီး ထိုအကြောင်းကိုမှ မသိခဲ့ရတာကို။ ထို့ကြောင့် ခေါင်းနပန်းကြီးပြီး

"ဟား ဒါ ဒါဆို အဲဒီကလေးက ဘယ်သူနဲ့ရတာလဲ"



သူ့အမေးကို ခင် မျက်မှောင်ကြုတ်သွားပြီး

"အင်း ဘယ်သူနဲ့ရတာလဲတော့ မသိဘူး၊ အမေက အဖေကောင်မပေါ်ဘဲမွေးတာ"

"ဘာ ဘယ်လို အဖေကောင်မပေါ်ဘဲမွေးတာ"

ပြောသမျှ မျက်လုံးပြူးစရာချည်း ဖြစ်နေသည်။

"အင်းလေ၊ အမေက အိမ်ရောက်လာကတည်းက ဂျူလီဗိုက်ကြီးနဲ့"

"ဘယ် ဘယ်လို"

ကြားနေရတာ ခေါင်းချာချာလည်စရာချည်း။ သူမပြောနေ

---

**သူ့ကိုအပြေပေးဖို့တောင်**
**တိရစ္ဆာန်နဲ့ တိုင်ပင်ပြီး**
**တိရစ္ဆာန်ခေါင်းညိတ်မှ**
**ရည်းစားရတဲ့အဖြစ်။**

---

တဲ့ စကားတွေက ဘယ်လိုဆွေမျိုးစပ်ရမှန်းမသိတော့။

"ဒါ ဒါဆို ဂျူလီက"

"ကြောင်မလေးလေ"

"ဟာ"

ထိုတော့မှ အောင်ထက်သဘောပေါက်သွား၏။ လက်စသတ်တော့ ဂျူလီဆိုတာ သူမမွေးထားသည့် ကြောင်မကိုး။ ထိုတော့မှ သူလဲအထွန့်တက်ပြီး

"ဟာကွာ၊ ဒါဆိုလဲ မိဘနှစ်ပါးထက် ပိုမချစ်ရင်နေ၊ ဟိုကြောင်မလေးထက်တော့ ပိုချစ်ပေါ့"

www.burmeseclassic.com



"မောင်နော်၊ ဂျူလီကို ကြောင်မလေးလို့မခေါ်နဲ့၊ မကြိုက်ဘူး၊ ဂျူလီလို့ခေါ်ရင်ခေါ်၊ မခေါ်ရင်သမီးလေးလို့ခေါ် ဒါပဲ"

"ဟုတ်ပါပြီ၊ ဂျူလီထက်တော့ မောင့်ကိုပိုချစ်သင့်တာပေါ့"

သူ့စကားကို ခင်က မျက်နှာမဲ့သွားပြီး

"မောင်နဲ့မတွေ့ခင်ကတည်းက ဂျူလီကိုမွေးခဲ့တာ၊ အခုတောင် မောင့်ကို အဖြေပေးတာတောင် ဂျူလီနဲ့တိုင်ပင်ပြီးမှ ဂျူလီသဘောတူလို့ မောင့်ကို အဖြေပေးခဲ့တာ"

"ဟာကွာ"

သူ့အဖြစ်ကလဲ ကြည့်ဦး။ သူ့ကိုအဖြေပေးဖို့တောင် တိရစ္ဆာန်နဲ့တိုင်ပင်ပြီး တိရစ္ဆာန်ခေါင်းညိတ်မှ ရည်းစားရတဲ့အဖြစ်။

သူဖြစ်နေပုံကိုရိပ်မိသော ခင်က ပြုံးရင်း

"မောင့်ကိုလဲ ချစ်ပါတယ်၊ ဒါပေမယ့် ဂျူလီနဲ့တော့ မခွဲနိုင်ဘူး"

အောင်ထက် သက်ပြင်းချမိသည်။ ခင်က အောင်ထက်လက်ကိုဆွဲပြီး

"ဂျူလီနဲ့ခင့်ကို ဘယ်တော့မှ မခွဲဘူးလို့ ကတိပေး"

အောင်ထက် ခင်ကို စိတ်ပျက်လက်ပျက် ပြန်ကြည့်ပြီး

"ပေးပါတယ်ကွာ၊ ခင်နဲ့ဂျူလီကို ဘယ်တော့မှ မခွဲပါဘူးလို့ ကတိပေးပါတယ်"

"ဟေး ဒါမှ ခင့်မောင်ကွ"

ခင်၏ ဝမ်းသာအားရအော်သံ။

× × ×





အောင်ထက်အတွေးတွေက ရှေးဟောင်းနှောင်းဖြစ်တွေဆီ ပြန်ရောက်သွား၏။

"ကဲ ဒါဆို ဂျူလီနေကောင်းသွားရင် အစီအစဉ်မဖျက်ဘဲ သွားမှာလား"

ခင်၏မျက်နှာ ချက်ချင်းဝင်းလက်သွားပြီး

"ဟယ် ဂျူလီလဲ နေကောင်းသွားရင် လိုက်မှာပေါ့၊ ကိုယ်ချစ်တဲ့သူနဲ့ ကိုယ်ချစ်တဲ့ကြောင်နဲ့ သွားရမှာပဲဟာကို"

အောင်ထက် သက်ပြင်းချမိသည်။

"ကဲ ဒါဖြင့် ဂျူလီ အရင်နေကောင်းသွားအောင် တိရစ္ဆာန်



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ဆီ သွားပြရအောင်"

"မောင်နော်၊ ဂျိုလီကို တိရစ္ဆာန်လို့မခေါ်နဲ့ မကြိုက်ဘူး၊ သမီးလို့ခေါ်ချင်ခေါ်၊ ဒါမှမဟုတ် ကြောင်မလေးလို့ခေါ် ဒါပဲ"

"ဒီလိုလား"

တိရစ္ဆာန်ကိုပင် တိရစ္ဆာန်လို့ ခေါ်ခွင့်မရှိ။ ထိုသို့လူမျိုးလဲ ရှိတတ်ပါသည်။ တိရစ္ဆာန်များကို အချစ်လွန်သောသူတွေ။

ဆက်ပြောသည့် စကားကိုပဲကြည့်။

"လင်မယားမကွဲချင်ရင် ဂျိုလီကို အခေါ်အဝေါ်ဆင်ခြင်"

"အိုစ်"

စကားပြောများရုံနှင့် ညားခါစလင်မယားပင် ကွဲသွားနိုင်ပေသည်။

× × ×





တိရစ္ဆာန်ဆရာဝန်ဇော်မောင်က ဂျိုလီ၏ရင်ဘတ်ကို နားကြပ်နှင့်ထောက်ပြီး အသေအချာနားထောင်သည်။ အတန်ကြာမှ နားကြပ်ချွတ်ပြီး

"ရင်ကြပ်နေတာဗျ၊ အစားလဲ မဆင်ခြင်တော့ နှလုံးလဲ မကောင်းဘူး"

ဇော်မောင်စကားကြားသည်နှင့် ခင်၏မျက်နှာမှာ ပြိုကျတော့မည့်မိုးလိုဖြစ်သွားပြီး

"ဟင် ဟုတ် ဟုတ်လားဆရာ၊ ဂျိုလီရောဂါကို ဘယ်လိုကုသလို့ ရနိုင်မလဲဆရာ"

ဇော်မောင်က ခေါင်းတဆတ်ဆတ်ညိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"သောက်ဆေးလောက်နဲ့တော့ မရလောက်ဘူး၊ တစ်ပတ်လောက် နေ့စဉ်ဆေးထိုးပြီး အစာကို မှန်မှန်ပြန်ကျွေးရမယ်"

"ဟင် ဂျိုလီကို တစ်ပတ်တောင် ဆေးထိုးရမယ်၊ ဂျိုလီတော့ နာလို့အော်နေတော့မှာပဲ အဟင့်၊ ဂျိုလီရယ် အဖြစ်ဆိုးလိုက်တာ"

ခင်၏ ကတုန်ကယင်အသံ။ ဒါကို အောင်ထက်က ဝမ်းသာသွားပြီး

"ဒါ ဒါဆိုလဲ ဆရာ ကျွန်တော်တို့လဲ ဟန်းနီးမွန်းထွက်မှာမို့လို့ ဂျိုလီကို ဒီမှာပဲထားခဲ့ပြီး"

"ကိုအောင်ထက်"

"ဗျာ"

သူ့စကားမဆုံးလိုက်။ ခင်က ထအော်သည်။ အောင်ထက်က ကလယ်ကလယ်နှင့် ပြန်ကြည့်မိသည်။

"ဂျိုလီနဲ့ကျွန်မကို ရှင်ခွဲဖို့မကြံစည်းနဲ့၊ ရှင်နဲ့ကျွန်မပြတ်သွားမယ်"

"တကယ်"

အောင်ထက်အူလည်လည်နှင့် ပြန်ကြည့်သည်။

"ဂျိုလီကို မထားခဲ့နိုင်ဘူး၊ ဒါကြောင့် ဟန်းနီးမွန်းခရီးကို ဖျက်တယ်"

"ဟာကွာ"

အောင်ထက် ခေါင်းကို ခပ်ကြမ်းကြမ်းကုတ်မိသည်။ ဘာဆက်လုပ်ရမှန်းလဲ မသိတော့။ ဟန်းနီးမွန်းခရီးအတွက် ပြင်ဆင်ထားသည်များကလဲ လက်လွှန်နေပြီ။ မသွားဖြစ်လျှင် ရင်းထားသည်များလဲ ဆုံးကုန်ရပေတော့မည်။ နားထဲတွင်လဲ သူငယ်ချင်းများ၏ စကားများ ပြန်ကြားယောင်မိသည်။

× × ×





အေးမြသောအရိပ်အာဝါသအောက် လက်ဖက်ရည်ဆိုင်တွင်ဖြစ်သည်။

အောင်ထက်အပါအဝင် သူငယ်ချင်းများ လက်ဖက်ရည်တစ်ယောက်တစ်ခွက်နှင့် အေးအေးလူလူထိုင်နေကြသည်။

"မင်းတို့မင်္ဂလာဆောင်ပြီးရင် ဘာလုပ်မယ်စိတ်ကူးလဲ"

သူရိန်၏အမေး။ အောင်ထက်က ပြုံးပြီး

"ဘာလုပ်ရမှာလဲကွ၊ လုပ်စရာက တစ်ခုပဲရှိတာပဲ ဟဲဟဲ"

သူ့စကားကို နံဘေးနားက မင်းထင်က မျက်နှာရှုံ့မဲ့ပြီး

"အဲဒါပြောတာ မဟုတ်ဘူးကွ၊ ဟိုလေ ဟန်းနီးမွန်းလေး



www.burmeseclassic.com

www.burmeseclassic.com



ဘာလေးမထွက်ကြဘူးလားလို့"

"ဟန်းနီးမွန်း"

အောင်ထက်မျက်မှောင်ကြုတ်သွား၏။ သူတို့၏အစီအစဉ်ထဲတွင် ထိုဟန်းနီးမွန်းခရီးမပါ။ မင်္ဂလာကိစ္စအတွက်တင် လုံးလည်ချာလည်လိုက်နေ၍ ထိုအစီအစဉ်ကို မစဉ်းစားမိခဲ့။ ဒါကို သူရိန်ကပါ ရှေ့တိုးလာပြီး

"အေး ဟုတ်တယ်ကွ၊ မင်းတို့မင်္ဂလာပွဲပြီးရင် ဟန်းနီးမွန်းလေးဘာလေးထွက်ဖို့ မစီစဉ်ထားဘူးလား"

အောင်ထက်ခေါင်းခါရင်း

"ဟင့်အင်း မစီစဉ်ထားဘူး"

သူ့စကားကို သူရိန်က စားပွဲကို လက်နှင့်ပုတ်ရင်း

"အဲဒါလိုတာပဲကွ၊ အဲဒါလိုတာ"

အောင်ထက် ကြောင်တောင်တောင်ဖြစ်နေသည်။

"ဘာ ဘာလို့လဲဟင်"

သူရိန်က အောင်ထက်နားကပ်ပြီး

"ဒီမှာ ကမ္ဘာ့စစ်တမ်းများအရ မင်္ဂလာဆောင်ပြီး သတို့သားသတို့သမီးများဟာ ဟန်းနီးမွန်းထွက်ရင် အမြန်ဆုံးသားသမီးရနိုင်တယ်တဲ့ကွ"

"ဟေ အဲဒီလိုလား"

အောင်ထက်စိတ်ဝင်စားသွားသည်။ စိတ်ဝင်စားရခြင်းအကြောင်းက သူကလုပ်ငန်းခွင်ထဲမှာသာ ရှင်သန်နေရ၍ အသက်အနည်းငယ်ကြီးမှ အိမ်ထောင်ပြုရသည်ကိုး။

"နောက်ပြီး ဟန်းနီးမွန်းခရီးမှာရတဲ့ကလေးက ဉာဏ်လဲ ပိုကောင်းတယ်တဲ့ကွ"

"ဟင် ဟုတ်လား"





ကြားရသမျှ အထူးအဆန်းတွေ ဖြစ်နေသည်။

"ဟုတ်တယ်ကွ၊ ဟန်းနီးမွန်းခရီးဆိုတာ မိဘအသစ်စက်စက်နှစ်ပါးလုံးက စိတ်ကြည်လင်လန်းဆန်းနေတဲ့အတွက် ရတဲ့ကလေးဟာလဲ စိတ်ကြည်ကြည်လင်လင်နဲ့ ဉာဏ်ရည်ထက်ထက်လေး ထွက်လာရောတဲ့"

"တကယ် တကယ်လား"

အောင်ထက် ပို၍စိတ်ဝင်စားလာသည်။ ထို့ကြောင့်

"ဒါ ဒါဖြင့်ရင် ဟန်းနီးမွန်းခရီးကို ဘယ်ကိုထွက်ရင် ကောင်းမလဲ"

သူ့စကားကို မင်းထင်က

"ဒါကတော့ ဘယ်ကိုထွက်ရင် မင်းအတွက်ပိုအဆင်ပြေမလဲ စဉ်းစားကြည့်ပေါ့"

အောင်ထက်က စဉ်းစားရင်း

"ဟန်းနီးမွန်းဘေဘီလေး ပိုသေချာသွားအောင်"

အားလုံး သူ့စကားကို နားစိုက်သည်။

"မြန်မာပြည်တစ်ပတ် ပတ်လိုက်မယ်ကွာ"

"ဟေ"

အားလုံး မျက်လုံးပြူးသွား၏။ အောင်ထက်၏အတွေးထဲတွင်တော့ ရလာမည့်ဟန်းနီးမွန်းဘေဘီလေး။

× × ×



www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်ထက် ရှင်ဘာစဉ်းစားနေတာလဲ"

အောင်ထက် လူနှင့်စိတ် အခုမှပြန်ကပ်သည်။ စိတ်ထဲတွင်တော့ ဟန်းနီးမွန်းဘေဘီက မထွက်သေး။

အတန်ကြာစဉ်းစားပြီး

"ကဲ ဒါဖြင့် ဒီလိုလုပ်၊ ဆရာအားလား"

သူ့အမေးကို ဆရာဇော်မောင်ကလဲ မျက်မှောင်ကြုတ်၍

"အားပါတယ်၊ ဘာဖြစ်လို့လဲ"

"အေး အားရင် ကျွန်တော်တို့ ဟန်းနီးမွန်းခရီး ဆရာပါ





လိုက်ခဲ့ဗျာ"

"ဗျာ"

ဇော်မောင် မျက်လုံးပြူးသွားသည်။

"ဟုတ်တယ်၊ ဆရာက နေ့စဉ် ကျောင်းကိုကြည့်ပေး၊ အဲဒီအတွက် နေ့စရိတ် စားစရိတ်အပြင် ဆေးဖိုးဝါးခပါ ကျွန်တော်တာဝန်ယူမယ်"

ခင် ပြုံးသွားသည်။ အောင်ထက်၏ အလိုလိုက်မှုကို သဘောကျသွားသည်။ ဂျိုလီလဲ သူနှင့်အတူပါတော့မှာကိုး။ ဆရာဝန်ဇော်မောင်ကသာ ခေတ္တစဉ်းစားပြီး

"လိုက်တာတော့ လိုက်လို့ရပါတယ်၊ အဲ တစ်ခုခက်တာက ကျွန်တော့်အဘွားဗျ"

"ဟင် ဘာဖြစ်လို့လဲ"

"ဟိုလေ၊ အဘွားကလဲ အသက်ကြီးပြီဆိုတော့ သူ့တစ်ယောက်တည်း ထားခဲ့ရမှာ စိတ်မချဘူး"

"အဲ အဲဒီတော့"

"ကျွန်တော့်အဘွားပါ ခေါ်နိုင်ရင်တော့ ကျွန်တော်လိုက်ခဲ့ပေးမယ်၊ အဘွားကိုလဲ မြန်မာပြည်တစ်ပတ် ဘုရားဖူးပို့ရင်းပေါ့"

"ဟင်"

အောင်ထက် မျက်လုံးပြူးသွားသည်။ ဟန်းနီးမွန်းထွက်ဖို့ကြောင်က နေမကောင်း၊ ထိုသို့ နေမကောင်း၍ တိရစ္ဆာန်ဆရာဝန်ခေါ်။ တိရစ္ဆာန်ဆရာဝန်က သူ့အဘွားပါ ခေါ်မည်ဆိုတော့ စဉ်းစားစရာ။

ဒါကို ဇနီးသည်ခင်က

"အို မောင်ကလဲ၊ သွားမယ့်ကားက စူပါကာစတမ်ပဲ၊ ကားကကျယ်ပါတယ်၊ တခြားသူတွေပါတော့ စကားပြောဖော်တောင်ရသေး၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး အသက်ကြီးတဲ့သူကို မြန်မာပြည်တစ်ပတ် ဘုရားဖူးပို့ရတာ ဆိုတော့ ကုသိုလ်တောင်ရသေး"

အောင်ထက်ခေါင်းကုတ်သွားသည်။ သွားရမှာက လွတ်လွတ်လပ်လပ်သွားရသော ဟန်းနီးမွန်းခရီး။

ထိုခရီးမှာမှ အဘွားကိုမခေါ်လျှင် ဆရာဝန်က လိုက်မည်မဟုတ်။

ဆရာဝန်က မလိုက်လျှင် ဂျူလီက ကျန်ခဲ့မည်။ ဂျူလီကျန်ခဲ့လျှင် ခင်လဲလိုက်မည်မဟုတ်။

ခင်မှ မလိုက်လျှင်လဲ ဟန်းနီးမွန်းခရီးက ပျက်ပြီ။ ဟန်းနီးမွန်းခရီးပျက်လျှင် ငွေတွေက မနည်းဆုံးမည်။ တကယ်ဆုံးရမည်က

---

သွားရမှာက **လွတ်**လွတ်လပ်လပ်
သွားရသော ဟန်းနီးမွန်း**ခရီး**။
ထိုခရီးမှာမှ အဘွားကိုမ**ခေါ်**လျှင်
ဆရာဝန်က **လိုက်**မည်မဟုတ်။

---

သူမျှော်မှန်းထားသော ဟန်းနီးမွန်းဘောဘီ။

ထို့ကြောင့် မတတ်သာသည့်အဆုံး

"အေးလေ၊ တစ်ယောက်တလေက ကိစ္စမရှိပါဘူး၊ အဲဒီလိုပဲ စီစဉ်ကြတာပေါ့"

"ဟေး ဒါမှ ခင့်မောင်ကွ"

ခင်၏ ဝမ်းသာအားရအော်သံ။ ခဏတော့ ပီတိဖြစ်ရသေး၏။





ထို့ကြောင့် သက်ပြင်းကို ခပ်ရှည်ရှည်ချပြီး

"ကဲ ဒါဖြင့် မနက်ဖြန်မနက် ကျွန်တော်တို့အိမ်မှာပဲ စုကြတာပေါ့၊ အိမ်လိပ်စာပေးခဲ့မယ်"

အားလုံး ပြုံးပြုံးပျော်ပျော်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ဝေလီဝေလင်း ခရီးထွက်ဖို့ ပြင်ဆင်တုန်းမှာပင် တံခါးခေါက်သံ ကြားရ၏။

"ခင်ရေ ပြင်ဆင်ပြီးပြီလား၊ ဆရာဝန်နဲ့သူ့အဘွား လာပြီထင်တယ်"

"ပြီးပါပြီ၊ ပစ္စည်းအားလုံး ကားပေါ်တောင် တင်ပြီးသွားပြီ"

"အေး အေး ဒါဆိုလဲ သွားရအောင်"

နှစ်ယောက်သား အိမ်ရှေ့အတူ ထွက်လိုက်ကြသည်။

"ဟင်"

အိမ်ရှေ့မြင်ကွင်းကြောင့် အံ့အားသင့်သွားရသည်။ မထင်





မှတ်သောမြင်ကွင်း။ အိမ်ရှေ့တွင် ဆရာဝန်ရယ်၊ သူ့အဘွားရယ်နှင့် ကလေးလေးတစ်ယောက်။

ကလေးလေးတစ်ယောက်ပါ အပိုပါနေ၍ အောင်ထက် မျက်လုံးပြူးသွားရသည်။

"ဟင် ဒါက ဒါက"

ဆရာဝန်ဇော်မောင်က မျက်နှာအပျက်ပျက် အယွင်းယွင်းနှင့်

"အေးဗျာ၊ ကျွန်တော့်တူလေးပါ၊ မိဘများက ခရီးလွန်နေလို့ အဘွားနဲ့ပဲ ထားခဲ့ရတာ၊ သူ့ကိုကလဲ ငယ်လွန်းတော့ တစ်ယောက်တည်းထားခဲ့လို့ မဖြစ်ဘူးလေ၊ အဲဒါကြောင့်"

"ဟင်"

အောင်ထက် ကြက်သေ,သေသွား၏။ နောက်မှ ပြန်တွက်ကြည့်ပြီး

"ဟင် ဟန်းနီးမွန်းထွက်မှာက နှစ်ယောက်၊ တိရစ္ဆာန်ဆရာဝန်အဖွဲ့က သုံးယောက်၊ ဘယ်လို ဘယ်လိုဖြစ်တာလဲဟင်"

ခင်လဲ သူမအချစ်တော်ဂျူလီပိုက်ပြီး ငြိမ်နေ၏။ အောင်ထက်မှပင် ဆက်၍

"ဒါ ဒါတော့ များလွန်းပြီထင်တယ်"

ဇော်မောင်က သက်ပြင်းချရင်း

"အဲဒါတော့ သဘောပဲဗျာ၊ အဘွားက သူ့မြေးမပါရင် မလိုက်ဘူးတဲ့၊ ကျွန်တော်ကလဲ ဒီအဘွားမပါရင် အင်း"

ထိုစကားကြားတော့ ခင်က ဝင်ပြီး

"အို မောင်ကလဲ၊ ကလေးတစ်ယောက် အပိုပါတော့ ဘာဖြစ်လဲ၊ လက်တိုလက်တောင်းခိုင်းလို့တောင်ရသေး၊ ဟိုဆရာဝန်ပါ မလိုက်တော့ရင်သာ"



www.burmeseclassic.com

www.burmeseclassic.com



အောင်ထက် ဘာမှမတတ်နိုင်တော့။ ထို့ကြောင့် စိတ်လျှော့ပြီး

"ကဲ ကဲ ဒါဆိုလဲ ပြီးတာပဲ၊ အားလုံး ကားပေါ်တက်၊ ကားပေါ်တက်ကြ"

"ဟေး"

အားလုံးပျော်သွားကြ၏။ အားလုံး ကားပေါ်ရောက်တော့မှ

"ကဲ လူစုံပြီမဟုတ်လား၊ သွားကြစို့"

အောင်ထက်စကားကို ကလေးလေးက

"ခဏလေး ဦး၊ ခဏလေး၊ သားစောင့်စရာလေးရှိလို့"

"ဟင် ဘာ"

ကောင်လေး၏စကားကြောင့် အောင်ထက် ဇဝေဇဝါဖြစ်

---

**အောင်ထက် အံ့အားသင့်ပြီး**
**ကြက်သေပင် သေသွားရ၏။**
**ဒါကို ယောက်ျားကြီးက**
**ဖွင့်ထားသောကားပေါ် လှမ်းတက်ရင်း**

---

သွားရ၏။ ဒါကို ကလေးက

"ခဏလေးပါ ဦး၊ ဟော ဟိုမှာလာပြီ"

ကလေးလက်ညှိုးညွှန်ပြရာကြည့်လိုက်တော့

"ဟင်"

သူနှင့်ရွယ်တူကလေးတစ်ယောက်။ နောက် မိဘနှစ်ပါးဖြစ်ဟန်တူသူ နှစ်ယောက်။

ထိုသုံးယောက်ကိုမြင်တော့ အောင်ထက် မျက်လုံးပြူးသွား





ပြန်သည်။

"ဟင် ဒါ ဒါက"

"ခရီးသွားရင် သားပျင်းမှာစိုးလို့ အဖော်ခေါ်ထားတာ"

"ဘာ"

အောင်ထက်ထံမှ အသံကျယ်ကျယ်ကြားရသည်။ ဒါကို ခင်က ပျာပျာသလဲဖြင့်

"ဟုတ်သား မောင်ကလဲ၊ ကလေးက ရက်ရှည်ခရီးထွက်တော့ ပျင်းရှာမှာပေါ့၊ ဒါကြောင့် သူငယ်ချင်းခေါ်တာ ဖြစ်မှာပါ၊ လိုက်ပါစေ၊ လိုက်ပါစေ၊ ကားချောင်နေသေးတာပဲ"

"ကျွတ်"

အောင်ထက်စုတ်သတ်ပြီး ခေါင်းကို ခပ်ကြမ်းကြမ်းဖွကုတ်ပစ်လိုက်သည်။ ခင်က အောင်ထက်စိတ်ညစ်မှန်းသိ၍ လက်ကိုဆွဲပြီး

"မောင်ကလဲ၊ ခရီးသွားတယ်ဆိုတာ လူများမှကောင်းတာ မောင်ရဲ့၊ ဘာဖြစ်လဲ ပျော်စရာတောင်ကောင်းသေး"

ခင်ကပါ ဟိုဖက်ပါနေ၍ သက်ပြင်းချရန်သာ တတ်နိုင်၏။

"လာ သူငယ်ချင်း လာ၊ ငါစောင့်နေတာကြာပြီ"

ကလေးများက ဝမ်းသာအားရ။

"အေး ငါလဲ အဖေနဲ့အမေကို စောင့်နေရလို့ကွ၊ ထွက်လာမလို့ပါပဲ"

ကလေးငယ်က ကားပေါ်တက်သည်။

"မောင် ကားတံခါးပိတ်ပေးလိုက်လေ"

ခင်၏စကားကြောင့် အောင်ထက် ကားတံခါးဆင်းပိတ်ရန် ပြင်သည်။ ဒါကို တံခါးဝရပ်နေသော မိဘနှစ်ပါးကိုပြုံး၍

"ကျေးဇူးပဲ၊ ကလေးကိုလိုက်ပို့တာထင်တယ်"

မိဘနှစ်ပါးက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လိုက်ပို့ရမှာလဲ"

"ဗျာ"

ယောက်ျားဖြစ်သူ အဖြေစကားကြောင့် အောင်ထက်လန့်သွားသည်။

နောက်မှ ကယောင်ကတမ်းဖြင့်

"ဟင် ဒါ ဒါဆို"

"ကျုပ်တို့လဲ လိုက်မှာလေ"

"ဗျာ"

အောင်ထက် အံ့အားသင့်ပြီး ကြက်သေပင် သေသွားရ၏။ ဒါကို ယောက်ျားကြီးက ဖွင့်ထားသောကားပေါ် လှမ်းတက်ရင်း

"ခင်ဗျားကလဲ ကလေးတစ်ယောက်တည်း သူစိမ်းလက်ထဲ ထည့်ပေးလိုက်ရအောင် ကျုပ်က အရူးမှမဟုတ်တာ"

ဒါကို သူ့မိန်းမကလဲ အနောက်ကကားပေါ် လိုက်တက်ရင်း

"အေးလေ ဟုတ်ပ့ါ၊ ဒါလေးတောင် မစဉ်းစားမိဘူးလား မသိဘူး၊ ဦးနှောက်ကိုက"

ထိုစကားကြားတော့ အောင်ထက်တင်းသွားသည်။

"ဟော့ ဟော့ ဒါတော့လွန်လွန်းပြီ၊ ကလေးထည့်ချင်ထည့်လိုက်၊ လူကြီးကတော့ လိုက်လို့မရဘူး"

သူ့စကားကို မိဘနှစ်ပါးက ပြန်ဆင်းပြီး

"ရတယ်လေ၊ ကျုပ်တို့မပါရင် ကလေးကို မထည့်နိုင်ဘူး၊ လာ သားပြန်ဆင်း"

ကလေးပြန်ဆင်းတော့ နောက်ကလေးတစ်ယောက်က

"သူငယ်ချင်းမပါရင် သားလဲမလိုက်ဘူး"

ထိုစကားကို အဘွားကြီးကလဲ

"ငါ့မြေးမပါရင် ငါလဲမလိုက်ဘူး၊ ဆင်းမယ်"





ဒါကို ဆရာဝန်ကပါ

"အေးလေ၊ အဘွားမသွားရင် ကျွန်တော်လဲ အင်း"

အားလုံး ကားပေါ်က ပြန်ဆင်းသွားတော့ ခင်လဲမျက်လုံးပြူးပြီး

"ဟင် ဒါဆို ဂျိုလီ၊ ဂျိုလီ၊ ငါ့ဂျိုလီလေး"

ဆိုကာ အောင်ထက်ဖက်လှည့်၍

"ကိုအောင်ထက်"

"ခင်"

အောင်ထက် ယောင်ပြီးပြန်ထူးသည်။

"အားလုံးကားပေါ်တင်လိုက်၊ သွားမယ်"

အခုလို ခရီးထွက်မယ်ဆိုတော့ ရုံးမှာ
နေ့စဉ် ခံဝန်မထိုးနိုင်ဘူးလေ၊ ဒါကြောင့်
နားလည်မှုယူပြီး ရုံးစာရေးပါ
အနီးကပ်ခေါ်ထားပြီး ကောင်းမွန်စွာနေထိုင်နေကြောင်း
လက်မှတ်ထိုးသွားမှာ

"အေး အေး ကောင်းပါပြီ၊ ကောင်းပါပြီ၊ အားလုံး ကားပေါ် ပြန်တက်ကြပါခင်ဗျာ၊ ကားပေါ်ပြန်တက်ကြပါ၊ ကျွန်တော်စကားမှားသွားလို့ တောင်းပန်ပါတယ်"

မတတ်သာသည့်အဆုံး အားလုံး ကားပေါ်ပြန်တွန်းတင်လိုက်ရသည်။ အားလုံးစုံတော့ ဒရိုင်ဘာခုံပေါ် တက်ထိုင်ပြီး

"ကဲ လူစုံပြီနော်၊ လူစုံပြီဆို သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ ကားကိုမောင်းထွက်လိုက်ရသည်။

ကားမောင်းနေရင်းကမှ စဉ်းစားမိသည်။

"အေး ဟန်းနီးမွန်းသွားမှာက ငါနဲ့ခင်နှစ်ယောက်၊ ခင်က သူချစ်တဲ့ ဂျိုလီနေမကောင်းလို့ ဆရာဝန်ခေါ်တယ်၊ ဆရာဝန်က သူ့အဘွား စိတ်မချရလို့ အဘွားခေါ်တယ်၊ အဘွားကချစ်လို့ သူ့မြေးကို ခေါ်တယ်၊ သူ့မြေးက အပေါင်းအသင်းမရှိလို့ သူငယ်ချင်းခေါ်တယ်၊ သူငယ်ချင်းက စိတ်မချရလို့ မိဘလိုက်လာတယ်၊ ဟန်းနီးမွန်းထွက်တာက နှစ်ယောက်၊ အပိုပါလာတာက ခြောက်ယောက်၊ ဗိုး၊ ဘယ်လိုဖြစ်လာတာပါလိမ့်"

သူ့ဘာသာသူပင် မစဉ်းစားတတ်တော့။

"ဘာဖြစ်လို့ လူ ဒီလောက်ပါလာပါလိမ့်"

ချောင်ချောင်ချိချိ အိပ်လို့မှ်ပြီး သွားလို့ရသည့် ကားကပင် ကြပ်လုလုဖြစ်နေပေပြီ။ သူစဉ်းစားနေစဉ်မှာပင်

"ကားဆရာ၊ ကားဆရာ ရှေ့နားခဏရပ်"

"ဗျာ ဘာ"

ကလေးအဖေ၏ စကားကြားတော့ အောင်ထက်ကြောင်သွားသေး၏။ ကလေးအဖေက လက်ညှိုးညွှန်ရင်း

"အဲဒီ အဲဒီရပ်ကွက်ရုံးနားမှာ ခဏရပ်"

"ဩော် ဟုတ်ကဲ့ ဟုတ်ကဲ့"

ဆိုကာ ဘုမသိ ဘမသိနှင့် ကားကို ဘေးနားထိုးရပ်လိုက်သည်။ ကလေးအဖေက ကားတံခါးကို ဆွဲဖွင့်ပြီး

"မင်းနိုင်ရေ ပြီးပြီလားဟေ့"

သူ့အော်သံကို ရုံးထဲမှလဲ

"ပြီးပြီ ကိုကျော်စိုးရေ၊ ပြီးပြီ ပြီးပြီ၊ ခဏစောင့်၊ စာရွက်တစ်ခု ပျောက်နေလို့၊ လာပြီ"





သိပ်မကြာပါ။ ရုံးထဲမှ အကျီအဖြူနှင့် လူငယ်တစ်ယောက် ကုပ်ချိကုပ်ချိနှင့် ပြေးထွက်လာ၏။

ထိုသူလဲ ကားပေါ် ဝုန်းခနဲ ပြေးတက်လာပြီး

"ခင်ဗျားအတွက် စာရွက်တွေ ရှာနေရတာဗျ၊ ကိုကျော်စိုးရ၊ ကဲ သွားလို့ရပြီ၊ ဟီဟိ"

ဆိုကာ ကားတံခါးကို ဂျိုင်းခနဲ ဆွဲပိတ်လိုက်တော့

"ဟင် ဟင် ဒါက ဒါက"

အောင်ထက်ထအော်သည်။ ထိုသူက ခပ်အေးအေးပင်

"ကျွန်တော်လား၊ မင်းနိုင်လေ၊ ရုံးစာရေး"

"ဟင် ရုံးစာရေးက ဘာကိစ္စ ဟန်းနီးမွန်းကားပေါ်တက်လာတာလဲ"

အောင်ထက်အမေးကို ကလေးအဖေ ကျော်စိုးက

"ကျွန်တော်က ရပ်ကွက်ထဲ ရိုက်မှုဖြစ်ထားတာ၊ ဒါကြောင့် ရုံးမှာ နေ့စဉ် ကောင်းမွန်စွာနေထိုင်ကြောင်း ခံဝန်ထိုးနေရတာ၊ ဟဲဟဲ"

"အဲ အဲဒီတော့"

"အဲဒီတော့ အခုလို ခရီးထွက်မယ်ဆိုတော့ ရုံးမှာ နေ့စဉ် ခံဝန်မထိုးနိုင်ဘူးလေ၊ ဒါကြောင့် နားလည်မှုယူပြီး ရုံးစာရေးပါ အနီးကပ်ခေါ်ထားပြီး ကောင်းမွန်စွာနေထိုင်နေကြောင်း လက်မှတ်ထိုးသွားမှာ ဟဲဟဲ"

ကျော်စိုးစကားကြောင့် အောင်ထက် မျက်လုံးပြူးသွားပြီး

"ဟာ ဒါဆိုလဲ ရုံးစာရေးခေါ်ပြီး ကိုယ့်ဘာသာကိုယ် နေခဲ့လေ"

သူ့စကားကို ရုံးစာရေးမင်းနိုင်က တင်းသွားပြီး

"ခင်ဗျားက ကျုပ်ကို မောင်းချတာလား၊ ဒါဆိုလဲ ရတယ်



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ကျုပ်မလိုက်ဘူး"

သူ့စကားကို ကျော်စိုးကပါ

"ဟာ မင်းမလိုက်ရင် ငါလဲလိုက်လို့ ရမလားကွ၊ မင်းကလဲ ငါလဲဆင်းမယ်"

အောင်ထက် ရင်ချောင်သွား၏။ ဒါကို ကျော်စိုးမိန်းမပြုံးရီကလဲ

"ကိုကျော်စိုး၊ ရှင်ဆင်းသွားရင် ကျွန်မက စိတ်ချမယ်ထင်လို့လား၊ ရှင် ကျွန်မ မရှိတုန်း သောင်းကျန်းနေရင် ဘယ့်နှယ်လုပ်မလဲ၊

> ဘယ်သူ့ကိုမှလဲ စိတ်မပေးဆိုးရဲ။
> အတွဲလိုက်ကြီးဆိုတော့ စိတ်ဆိုးပြီး
> ဆင်းသွားလျှင် သူ၏ ပူနွေးနွေးမိန်းမ
> ခင်ပါ့ပါသွားပေလိမ့်မည်။

ကျွန်မလဲဆင်းမယ်"

ပြုံးရီပါဆင်းသွား၏။ အောင်ထက် ပို၍ပြုံးသွားသည်။ ဒါကို သူတို့၏သား မောင်ထွေးကပါ

"မေမေမလိုက်ရင် သားလဲလိုက်တော့ဘူး ဆင်းမယ်"

မောင်ထွေးစကားကို မောင်လတ်ကလဲ

"သူငယ်ချင်း မင်းမလိုက်ရင် ငါပျင်းတယ်ကွ၊ ငါလဲဆင်းမယ်"

အောင်ထက် ပြုံးနေရာမှ မျက်လုံးပြန်ပြူးရသည်။ ဒါကို အဘွားကြီးကလဲ





"မောင်လတ်ဆင်းရင် အဘွားလဲဆင်းမယ်၊ မင်းကို စိတ်မချဘူး"

"အဘွားဆင်းရင် ကျွန်တော်လဲဆင်း"

အားလုံးစကားကြားတော့ အောင်ထက်မျက်လုံးပြူးမဆုံးခင်ခင်က

"ကိုအောင်ထက်"

ထိုအသံကြားသည်နှင့် အောင်ထက်၏နှုတ်မှလဲ

"အားလုံးတက်"

အားလုံး ကုပ်ချိကုပ်ချိနှင့် ခိုးရယ်ရင်း ကားပေါ်ပြန်တက်လာကြသည်။

အောင်ထက် ဘာမှဆက်မပြောတော့ဘဲ ကားကို ဆောင့်မောင်းထွက်လိုက်သည်။

"ဟဲ့ ဖြည်းဖြည်းသာသာ လုပ်ပါကွယ်၊ တကတည်း၊ စိတ်ဆိုးပြီးဆင်းလိုက်ရမှဖြင့်"

အောင်ထက် ကားကို အရှိန်ပြန်လျှော့မောင်းရသည်။ ဘယ်သူ့ကိုမှလဲ စိတ်မပေးဆိုးရဲ။ အတွဲလိုက်ကြီးဆိုတော့ စိတ်ဆိုးပြီးဆင်းသွားလျှင် သူ၏ ပူနွေးနွေးမိန်းမ ခင်ပါ့ ပါသွားပေလိမ့်မည်။ ထို့ကြောင့် ကားကို ညင်ညင်သာသာပင် မောင်းနှင်ပေးလိုက်ရသည်။

ကားနောက်ခန်းမှာလဲ လူတွေကြပ်နေပေပြီ။

ပထမအစီအစဉ်က ဒီကားကြီးယူလာရခြင်းမှာ ကားမောင်း၍ပင်ပန်းလျှင် ရောက်သည့်နေရာ ကားထိုးရပ်၍ နားနားနေနေနေရန် စီစဉ်ခဲ့ခြင်းဖြစ်၏။ ယခုတော့ စိတ်ကူးထားသည်နှင့် တခြားစီမှ တခြားစီ။

"ကားဆရာ ကားဆရာ ရှေ့မှာခဏရပ်"

ရုံးစာရေးမင်းနိုင်မှ လက်တို့ပြောနေ၍ အောင်ထက်လဲ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ပြီး

“ဟင် ဘာ ဘာလဲ၊ ဘာလို့ရပ်မှာလဲ”

“ကျွတ် ခင်ဗျားကလဲ ရပ်ဆိုရပ်ပေါ့ဗျာ၊ အရေးကြီးလို့ပေါ့”

“ဪ ဪ”

အောင်ထက်လဲ ကျန်းမာရေးကိစ္စမှတ်ပြီး ကားကို အရှိန်လျှော့လိုက်သည်။

“ကားဆရာ ကားဆရာ ကားကို သစ်ပင်နဲ့ကွယ်ရပ်လိုက်၊ ကွယ်ရပ်လိုက်”

“ဪ ဟုတ်ကဲ့ ဟုတ်ကဲ့”

အောင်ထက် အူကြောင်ကြောင်နှင့် မင်းနိုင်ညွှန်ပြရာ ရပ်လိုက်သည်။

ကားရပ်သည်နှင့် မင်းနိုင် ကုပ်ချိုကုပ်ချိုနှင့် ပြေးဆင်းကာ

“ခဏစောင့်နော်၊ အခုပြန်လာခဲ့မယ်”

“ဟာ ဟော့ကောင် မင်းနိုင်၊ မင်းမလာရင် ငါလိုက်လာမှာနော်”

အရေးထဲ ကျော်စိုးက တမျှောင့်။ ဒီကြားထဲ ပြုံးရီကလဲ

“ရှင်မသွားရဘူးနော် ကိုကျော်စိုး”

ဒါကို မင်းနိုင်က

“ခဏလေးစောင့်ပါဆိုဗျာ”

ဆိုကာ ကုပ်ချိုကုပ်ချိုနှင့် လုံးနေအောင် ပြေးချသွားသည်။

× × ×



မင်းနိုင် သစ်ပင်နောက်မှရနေ၍ အကြော်တဲကိုချောင်းနေသည်။ အကြော်တဲတွင်တော့ အကြော်ကြော်နေသော

“အိုင် အိုင်”

ခွေးသားလေး ခဲနှင့်အချခံရသောအသံ သူ့နှုတ်မှထွက်လာသည်။ ထိုအသံကြားသည်နှင့် အကြော်တဲမှတစ်ယောက် ခေါင်းထောင်လာသည်။

“အိုင် အိုင်”

ပိုသေချာစေရန် မင်းနိုင်ထပ်အော်လိုက်သည်။ ထိုအော်သံကြောင့် အကြော်တဲမှ အလှပြင်ထားသူက

www.burmeseclassic.com



"မေမေ သမီး အကြော်ပို့စရာရှိတာလေး သွားပို့လိုက်ဦးမယ် နော်"

ဆိုကာ ဗန်းတစ်ချပ်ဆွဲကာ ဖွက်ထားသောအထုပ်ကလေးကို ခေါင်းပေါ် ရွက်လိုက်သည်။ ပြီးနောက် လုံးနေအောင်ပြေးချသွားတော့

"ဟဲ့ ဟဲ့ ပူတူးမ၊ အကြော်ပို့မယ်ဆိုပြီး ဘယ့်နှယ်အထုပ်ရွက်သွားတာတုန်း၊ နင့်အကြော်တွေက ဘယ်မှာတုန်း"

သူ့အမေအမေးကို ပူတူးဆိုသူက

"ဘက်(ခ်)အိတ်ထဲ ထည့်ထားတယ်အမေ၊ သွားပြီ သွားပြီ"

"ဟဲ့ ဘယ်သွားတာတုန်း"

"သမီးအိပ်ရာခေါင်းရင်းမှာ စာရေးခဲ့တယ်အမေ၊ အဲဒီစာဖတ်ပြီးမှ သမီးလင်နောက်လိုက်တာသိနော်၊ သွားပြီ သွားပြီ"

သူ့စကားကို သူ့အမေက မျက်လုံးပြူးပြီး

"ဟင် အိပ်ရာခေါင်းရင်းမှာ စာရေးထားတယ်၊ ဟင် နင်က လင်နောက်လိုက်တယ်၊ ဟင် လုပ်ကြပါဦး လုပ်ကြပါဦး၊ ကိုမြမောင်ရေ ပူတူးလင်နောက်လိုက်လို့ လုပ်ကြပါဦး လုပ်ကြပါဦး"

အော်သံများ ဆူညံသွားသည်။ ပူတူးက လှည့်မကြည့်တော့

× × ×





သိပ်မကြာပါ။ ကုပ်ချိကုပ်ချိနှင့် ပြန်ပြေးချလာ၏။ သို့သော် သူတစ်ယောက်တည်းမဟုတ်။

"ဟင်"

"ဟာ"

"ဘာလဲဟ"

အားလုံးအံ့အားသင့်ကုန်၏။ ဟုတ်ပါသည်။ ကားပေါ်က ပြေးသွားတုန်းက သူတစ်ယောက်တည်း ဖြစ်သော်ငြား၊ ပြန်ပြေးလာတော့ နောက်တစ်ယောက်ပါလာသည်။ သူ့နောက်မှာ အထုပ်တစ်ထုပ်



www.burmeseclassic.com

www.burmeseclassic.com



ရွက်၍ပြေးလိုက်သော မိန်းမပျိုတစ်ယောက်။

"လာ ပူတူး၊ ကားပေါ်အမြန်တက်၊ ကားပေါ်အမြန်တက်"

"ဟင်"

နှစ်ယောက်လုံး ကားပေါ်လုံးနေအောင် ပြေးတက်လာတော့ အောင်ထက်သာမက အားလုံးအံ့အားသင့်နေရ၏။

မင်းနိုင်က ဇက်ကိုပုရင်း

"ကားဆရာ မောင်း မောင်း မြန်မြန်မောင်း"

"ဟင် ဩော် အေး အေး"

မင်းနိုင်စကားကြောင့် အောင်ထက်လဲ ကြောင်တောင်တောင်နှင့် ကားကို မောင်းထွက်လိုက်ရသည်။ နောက်မှ ကားမောင်းနေရင်း သတိရပြီး

"နေ နေပါဦး၊ ဒါက ဘယ်လိုဖြစ်တာလဲ"

မင်းနိုင်က ခိုးရယ်ရင်း

"မိန်းမခိုးလာတာလေ၊ ဟီးဟီး"

"ဘာ"

"ကျွဲ"

"အောင်မလေးတော့"

"ဟဲ့ သေပါပြီ"

အော်သံနှင့်အတူ အောင်ထက် ကားကိုဘရိတ်ဆောင့်အုပ်မိလျက်သား ဖြစ်သွားရ၏။ ကားရပ်မှ အနောက်လှည့်ပြီး အံ့သြတကြီးဖြင့်

"ဟင် ဘယ်လို ဘယ်လို"

သူ၏အမေးကို မင်းနိုင်က ပါးဖြဲနားဖြဲရယ်ပြီး

"ကြုံတုန်း မိန်းမဝင်ခိုးလာတာလေ၊ ဟောဒီချစ်သူ ပူတူတူးလေးကို ဟီးဟီး"





"သွား လူဆိုး၊ သိပ်ဆိုးတာပဲ၊ ရေလဲမချိုးဘဲ သူများကို ခိုးတယ်၊ ဟိ"

ဟိုကလဲကြည်နူးပြီး လက်သီးနုနုနှင့် ထိပ်ကိုထုသေး၏။ ဒါကို အောင်ထက်ကသာ မျက်လုံးပြူးသွားပြီး

"ဟာ အဲ အဲဒီလိုလုပ်လို့ မရဘူးလေ၊ ဒါက ငါတို့ဘာသာ လွတ်လွတ်လပ်လပ်"

အောင်ထက်စကားမဆုံးလိုက်။ ပူတူးကထပြီး

"ကိုမင်းနိုင်"

"ရှင် အဲလေဗျာ၊ ပူတူး"

ကျွန်မက **အိမ်**မှာ

ခြေမွေးမီးမလောင် လက်မွေး**မီး**မလောင်

အကြော်**ကြော်**စားလာတာနော်၊ ကျုပ်ကို

မျက်စောင်းထိုးကြည့်ဖို့ မ**ပြော**နဲ့

**ဒဲ့**ကြည့်ရင်တောင် ကြိုက်တာမဟုတ်ဘူး

ပူတူးက ခါးထောက်ပြီး

"ဟင် ရှင်ပြောတော့ ရှင်ပိုင်ပါတယ်ဆို၊ အခု ဘယ်လိုဖြစ်တာလဲ၊ ကျွန်မက အိမ်မှာ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် အကြော်ကြော်စားလာတာနော်၊ ကျုပ်ကို မျက်စောင်းထိုးကြည့်ဖို့ မပြောနဲ့၊ ဒဲ့ကြည့်ရင်တောင် ကြိုက်တာမဟုတ်ဘူး၊ အခု ရှင်ခိုးရာလိုက်မိမှ ဘာမဟုတ်တဲ့ ဒရိုင်ဘာရဲ့ငြိုငြင်တာကို မခံနိုင်ဘူး"

"အဲဒီတော့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအိမ်ပဲ ကျွန်မပြန်မယ်၊ ဆင်းမယ် ဒါပဲ"

ပူတူးစကားကို မင်းနိုင်မျက်လုံးပြူးပြီး

"ဟာ ပူတူး၊ ပူတူးဆင်းရင် ကိုယ်လဲဆင်းမယ်"

"မင်းနိုင် မင်းဆင်းရင် ကျော်စိုးလဲ ဆင်းမယ်"

"ကိုကျော်စိုး ရှင့်ကို စိတ်ချမယ်ထင်လား၊ ပြုံးရီလဲဆင်းမယ်"

"မေမေဆင်းရင် သားလဲဆင်းမယ်"

"သားသူငယ်ချင်းဆင်းရင် သားလဲဆင်းမယ်"

"သားဆင်းရင် အဘွားလဲဆင်းမယ်"

"အဘွားဆင်းရင် အင်း"

နောက်ဆုံးတော့လဲ

"ကိုအောင်ထက်"

"အားလုံးပြန်တက်၊ မောင်းမယ်"

အားလုံး ကားပေါ်ပြန်တက်ကြ၏။ ဒါကိုတောင် ရုံးစာရေး မင်းနိုင်က

"ကားမောင်းတာ ကိုအောင်ထက်ဆိုလား၊ အေး စကားပြောရင် ဆင်ခြင်ပြော၊ ကျုပ်ပူတူးလေး နောက်တစ်ခါစိတ်ကောက်လို့ကတော့ ခင်ဗျားမလွယ်ဘူး"

အောင်ထက် တင်းသွားပြီး

"ကဲ ဘာလုပ်ချင်လဲ ပြော"

ကျော်စိုးက မျက်နှာဖရိုဖရဲနှင့်

"ကျုပ်ကားပေါ်က ဆင်းသွားမှာပေါ့၊ ခင်ဗျားကလဲ"

"မင်းဆင်းရင် ငါလဲ"

"အောင်မယ်၊ သူဆင်းရင် လွှတ်ပေးမယ်မှတ်လား"

"သားလဲလိုက်မယ် မေမေ"

"ကဲ အားလုံးတိတ်"





အောင်ထက်ခမျာ အော်ရရှာပြန်သည်။

"ကဲ အားလုံး ညီညီညွတ်ညွတ်နဲ့ ခရီးပြန်ဆက်ကြမယ်"

အားလုံး ခေတ္တတော့ အသံတိတ်သွား၏။

ကားလေးကိုလဲ အဝေးပြေးလမ်းမဆီ ဦးတည်လိုက်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကားလေးက အဝေးပြေးလမ်းပေါ် အရှိန်မှန်မှန်ပြေးနေသည်။

ကားပေါ်တွင်တော့ မရေမတွက်နိုင်သော ဟန်းနီးမွန်းလူများ လိုက်ပါလာလေသည်။

"ချမ်းမြေ့ ချမ်းမြေ့ပါစေ၊ ကျွန်တော်လဲ ချမ်းမြေ့ပါစေ၊ ကျွန်တော့်ပူတူးလဲ ချမ်းမြေ့ပါစေ၊ ကျွန်တော်တို့နှစ်ယောက် ကွက်ကွက်ကလေးပဲ ချမ်းမြေ့ပါစေ"

မင်းနိုင်၏အသံဆိုးကြီးက ကြားဖြစ်အောင် ကြားနေရသေး၏။





"ဘဝရှည်ရှည်ကလေးမှာ ရယ်ချင်းရှည်များ တွေ့ရပါစေ၊ ရန့်မွှေးသော ပူတူးလဲ လန်းပါစေ"

"သွား လူဆိုး၊ ရေလဲမချိုးဘူး၊ သူများကိုခိုးတယ်"

နှစ်ယောက်တည်းကွက်ပြီး ကြည်နူးနေကြ၏။

"ဟော့လူ ပူလွန်းလို့ အဲယားကွန်းတင်ပေးစမ်း"

ပြောသည့်အတိုင်း လုပ်ပေးရရှာသည်။

"ဟော့လူ ခင်ဗျားကားပေါ်မှာ အထူးခန်းမပါဘူးလား"

ကြာတော့ အောင်ထက်မပြောနဲ့ ခင်ပါတင်းလာ၏။

"အ့ထူးခန်းလိုချင် လမ်းဘေးဆင်းပြီး ချုံပုတ်ထဲဝင်နေကြ၊ တကတည်း ဖြစ်နေလိုက်ကြတာ"

ဒါကိုတောင် မင်းနိုင်က မျက်နှာပြောင်ပြီး

"ချုံပုတ်က အဲယားကွန်းမရလို့ပေါ့ဗျ၊ လုပ်စမ်းပါဗျာ၊ ခုနစ်ထောင်ပေးမယ်၊ အထူးခန်းလေး"

ကြာတော့ နံဘေးနားက ကျော်စိုးပါ တင်းလာသည်။

"ဟော့ကောင် မင်းပါးစပ်ပိတ်ရင်ပိတ်၊ မပိတ်ရင် ငါ အမှုနှစ်မှုစာ လက်မှတ်ထိုးမိတော့မယ်နော်၊ တောက်"

ထိုတော့မှ မင်းနိုင်လဲ အူကြောင်ကြောင်အမူအယာနှင့် ငြိမ်တော့၏။ သို့သော် နှုတ်ကတော့

"ချမ်းမြေ့ ချမ်းမြေ့ပါစေ၊ ချမ်းမြေ့ ချမ်းမြေ့ပါစေ၊ ကျွန်တော်လဲ ချမ်းမြေ့ပါစေ၊ ပူတူးလဲ ချမ်းမြေ့ပါစေ၊ ကျွန်တော်တို့နှစ်ယောက်ကွက်ကွက်ကလေး ချမ်းမြေ့ပါစေ"

ကားလေးက အရှိန်မှန်မှန်ရွေ့နေဆဲ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကလေ၊ တစ်ချက်ခုတ်သုံးချက်ပြတ် လုပ်ထားတာလေ ဟီးဟီး"

ရုံးစာရေးမင်းနိုင်၏ ချော်ချော်ချွဲချွဲ အသံကြီးက ကြားနေရသည်။

"ပုတူးလေးကိုလဲ ခိုး၊ တစ်ခါတည်း သူများစရိတ်နဲ့ တစ်နိုင်ငံလုံး ဟန်းနီးမွန်းထွက်၊ ပြန်လာချိန် မိဘတွေဆီ တစ်ခါပြန်အပ်ပေါ့ ဟုတ်ဘူးလား"

သူ့စကားကို ပုတူးကလဲ

"သူက သိပ်ဉာဏ်ကောင်းတယ် သိလား၊ သူများစရိတ်နဲ့





တစ်နိုင်ငံလုံး ခရီးထွက်နိုင်အောင် လုပ်နိုင်တယ် ခိခိ"

သူတို့ကသာ တိုးတိုးပြောနေတာ။ ကားတစ်စီးလုံးက အတိုင်းသားကြားနေရသည်။

"ငတုံး ငတုံး"

လက်ညှိုးအတိုထိုး၍ ပြောသေး၏။

ပြီးနောက် အသံတိုးတိုးဖြင့်

"အဲဒါ ဘယ်ငတုံးလဲဟင်"

"ကားမောင်းနေတာလေ၊ မယုံရင် ငေါက်ပြမယ်ကြည့်နေ"

ဆိုကာ မတ်တတ်ရပ်၍

"ကားဆရာရေ၊ ထမင်းစားမယ်ဟေ့၊ နီးရာဆိုင် ကားရပ်စမ်း"

မင်းနိုင်စကားကို အောင်ထက်ကြားသော်လည်း

"တောင်တွင်းကြီးရောက်မှ ရပ်ဖို့လုပ်ထားတာ၊ အခုတော့ မရပ်သေးဘူး"

ဒါကို မင်းနိုင်က စိတ်ဆိုးဟန်ဖြင့်

"အာ ရပ်ပါဆိုနေဗျာ၊ ကျုပ်ပုတူးလေး ထမင်းဆာနေပြီ၊ ပုတူးလေးမှာ အစာအိမ်ရှိတယ်၊ မရပ်ရင် ကျုပ်တို့ဆင်းတော့မှာ"

"တောက်"

ဘာမှမတတ်နိုင်။ တစ်ယောက်ယောက်ဆင်းသည်နှင့် အတွဲလိုက်ကြီး ဆင်းသွားမှ သူဒုက္ခရောက်နေရဦးမည်။

ထို့ကြောင့် နီးစပ်ရာဆိုင်တစ်ဆိုင်မှာသာ ရပ်ပေးလိုက်ရ၏။ မင်းနိုင်က ခပ်တည်တည်ဆင်းသွားပြီး

"ဟေ့ ဒီဆိုင်မှာရှိတာ အကုန်ချဟေ့၊ ဗိုက်ဆာနေပြီ စားပေးမယ်"

မသိလျှင် သူကပဲ အလှူရှင်လိုလိုနှင့် အသံကျယ်ကျယ်အော်ကာ စားပွဲထိပ်နေရာတွင် သွားထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လာ ပူတူး၊ ကိုယ့်နားလာထိုင်"

နှစ်ယောက်သား ပူးကပ်ထိုင်သည်။ သိပ်မကြာပါ။ ဆိုင်ကလဲ ပြောသည့်အတိုင်းလုပ်သည်။

ဆိုင်တွင်းရှိသမျှအားလုံး တကယ်လာချ၏။

"ဟင်းခွက်တွေ ဒီဖက်ရွှေ့ဟေ့"

ရှိသမျှဟင်းခွက်များ သူတို့ဖက်သာ စုပုံထားတော့ အောင်ထက်တင်းသွားသည်။

"ဟေ့ကောင် ရှုံးစာရေး၊ မင်းတစ်ယောက်တည်း ထမင်းစားမှာမဟုတ်ဘူး၊ အားလုံးစားမှာ ဒီဖက်မျှချ"

မင်းနိုင်က မျက်မှောင်ကြုတ်ရင်း

"စကားကို ကောင်းကောင်းပြောလေ၊ ထပြန်လိုက်မယ်လေ"

"အုမ်"

အောင်ထက် ဘာမှမပြောသာတော့။ ခင့်ကိုကြည့်တော့လဲ မျက်နှာမကောင်း။ နေမကောင်းသော သူ့ကြောင်မဂျိုလီကိုသာ ဖွတ်သပ်နေသည်။

"ပူတူးလေး စား၊ အားမနာနဲ့ ကိုယ်ကျွေးတာ"

"ကိုလဲစားပါ၊ ပူတူးလဲ ကျွေးတာ"

အောင်မာ သူတို့ကိုယ်သူတို့ အပြန်အလှန်တွေ ကျေးဇူးရှိနေကြတာ။ အောင်ထက်နှင့်ခင်ကတော့ ထမင်းမဆာသေး၍ တို့ထိတို့ထိသာ စားနိုင်၏။

ကျန်သူများကတော့ အလျှုအိမ်ရောက်သည့်အတိုင်း တပျော်တပါး။

"ဟေ့ ကြက်သည်းမြစ်က ကုန်ပြီလား၊ ထပ်ချပါဦး ခွတွင်းလိုက်လို့"

"နှစ်ပွဲလုပ်လိုက်ဟေ့၊ ငါ့သားအတွက်ပါတစ်ပွဲ"





အောင်ထက် သူတို့တွေကိုကြည့်၍ စိတ်ပျက်နေကြသည်။

"ဒီကြောင်ကြောင့် ဒီလူတွေပါလာတာ၊ ဒီကိစ္စ ဘယ်လိုဖြေရှင်းရပါ့"

ဟု စိတ်ထဲကြိတ်တွေးနေမိသည်။

"အေးလေ၊ လူဒီထက်တော့ ပိုစရာမရှိတော့ပါဘူး"

ဟုသာတွေးရင် စိတ်ဖြေရတော့၏။

"စားပြီးရင်သွားမယ်ဟေ့၊ ခရီးကရှည်တော့ အမြန်သွားမှကောင်းမယ်"

မင်းနိုင်က ဦးဆောင်ပါသည်။ ပိုက်ဆံရှင်းတော့ အောင်ထက်ရှင်းရ၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကားလေးက တရိပ်ရိပ်နှင့် ပြေးနေသည်။

"ကားဆရာ အဲယားကွန်းလေး တင်စမ်းပါ၊ ပူလွန်းလို့"

ပြောသည့်အတိုင်း လုပ်ပေးရသည်။ တော်ကြာ စိတ်ဆိုးသွားမှဖြင့်

ကားလေးကလဲ လူများပြီမို့ ကျပ်ညပ်နေပြီကိုး။

လူဝိတ်က များ၍ ကားကို ဖြည်းညင်းစွာသာ မောင်းနှင်နေရလေသည်။

သက်ပြင်းချမိသည်။ ဤမျှလောက် လူပါလာတာကိုက စိတ်အေးရမည့် အနေအထား။

× × ×



"ကိုကျော်စိုး ဟိုဖက်နည်းနည်းတိုးဗျာ၊ ကျုပ်ပူတူးလေး အိပ်ငိုက်နေလို့"

သူ့စကားကို ကျော်စိုးကလဲ မျက်နှာမာနှင့်

"အေး ငါလဲအိပ်ငိုက်နေပြီ၊ ငါနဲ့လာအိပ်ခိုင်းလိုက်ပါလား"

ထိုစကားလဲကြားရော ပူတူးမျက်နှာ မဲ့ကျသွားပြီး

"ဟင် ကိုမင်းနိုင်၊ ကြည့်စမ်း၊ ရှင့်သူငယ်ချင်း အားမနာလျှာမကျိုး ပြောရက်လိုက်တာ၊ လူကိုတွေ့ကရာနဲ့ လျှောက်အိပ်နေတဲ့ အစားမှတ်နေလား၊ ပိုက်ဆံပေးမှ၊ အဲလေ ယောင်တောင်ယောင်သွားပြီ၊ အဟင့်"

www.burmeseclassic.com



ဒါကို မင်းနိုင်ကလဲ

"ဒီမှာ ကိုကျော်စိုး၊ ခင်ဗျား စကားကို ဆင်ခြင်ပြော၊ တခြားဟာ သည်းခံချင်ခံမယ်၊ ကျုပ်ပူတူးထိရင်တော့ ကျုပ်မခံဘူး"

"မခံရင် ဘာလုပ်ချင်လဲပြော၊ အခုပြောလေ"

"မခံဘူးလို့ပဲ ပြောတာကို၊ လုပ်ချင်တာမှ မပြောတာကို သူကလဲ စိတ်ကြီးပဲ"

"တောက်"

သူတို့ဘာသာသူတို့ ပွဲဖြစ်နေကြသေး၏။ ဒီအုပ်စုကို ဘယ်လိုနည်းနှင့် မောင်းချခဲ့ရမည်ကို သူစဉ်းစားနေမိသည်။

သူစဉ်းစားလို့ မဆုံးခင် သူ့ကားကို ဝှီးခနဲ ဝှီးခနဲ ကျော်တက်လာသော ကားနှစ်စီး။

"ဟ ဘာလဲဟ၊ ဘာတွေ ဒီလောက်အရေးကြီးနေတာလဲ"

သူ့စကားမဆုံးမီ ထိုကားနှစ်စီးလုံးက သူ့ကားရှေ့ပိတ်ရပ်လိုက်ကြသည်။

"ကျွိ"

သူလဲ ယောင်ပြီး ကားကိုရပ်လိုက်ရသည်။

"ဘာတွေဖြစ်နေတာလဲဟ"

သူတို့ကြောင်နေတုန်းမှာပင် ကားပေါ်မှဆင်းလာသော လူတစ်စု။ လက်ထဲမှာလဲ တုတ်တွေ ဓားတွေနှင့်။ ထိုသူများကိုမြင်သည်နှင့် မင်းနိုင်ခိုးလာသော ပူတူးမှ

"ဟယ် ဖေဖေတို့ မေမေတို့လိုက်လာပြီ၊ ဒုက္ခပဲ ဒုက္ခပဲ"

မင်းနိုင်က ခေါင်းထောင်ကြည့်ပြီး

"ဟိုက် ကိုယ့်အဖေနဲ့ ကိုယ့်အမေလဲ ပါလာတယ်၊ သွားပြီ၊ သွားပါပြီ"

နှစ်ယောက်လုံး ကားအခင်း၌ ပြားနေအောင် ဝပ်နေကြ





သည်။

လူကြီးနှစ်ယောက်က အရှေ့ထွက်လာပြီး

"ဒီကားပေါ်မှာ မင်းနိုင်နဲ့ပူတူး ပါလာလား"

သူတို့စကားကို အောင်ထက်ကလဲ ကားအနောက် ပြန်ကြည့်သည်။ မင်းနိုင်က မပြောရန် ပါးစပ်မှာ လက်ညှိုးတပ်ပြီး ရှူးခနဲလုပ်သည်။ အောင်ထက်က အရှေ့ပြန်လှည့်ပြီး

"ဟိုမှာဝပ်နေတဲ့နှစ်ယောက် ထင်တယ်"

မင်းနိုင်ရော ပူတူးပါ ခေါင်းနပန်းကြီးသွား၏။

ဟိုကောင်မ **လာဝင်း** ငါက

ဆယ်အိမ်ခေါင်းနဲ့ **ပေးစား**မှာကို

**မြင်**တယ်ထင်ပြီး ရုံးပြာတာနဲ့

နိုးရာလိုက်တာပေါ့လေ၊ **ဆင်းခဲ့ဝမ်း**

နင့်ကို အရှင်မ**ထား**ဘူး

"ဟာ သွားပြီ၊ သွားပြီ"

"မိပြီနဲ့တူတယ်"

"ဪ မိနေပါပြီဆိုမှ"

လူကြီးများက ကားတံခါးကို ဒေါသတကြီး ဆွဲဖွင့်လိုက်သည်။

"ဟင်"

နှစ်ယောက်သား ခိုးထုပ်ခိုးထည်နဲ့ကွက်တိ။

"ဟင် မိုက်လိုက်တဲ့သမီး၊ ရဝတစာရေးကိုမှ လင်တော်ချင်တယ် ဟုတ်လား၊ လာစမ်း"

"အောင်မာ မိဘက မြင့်စေချင်လို့ ရဝတရုံးအပ်တာ၊ မြင့်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုပြီး အကြော်တဲခုန်ချတဲ့ကောင် လာစမ်း"

နှစ်ဖက်မိဘများက နှစ်ယောက်ကိုဆွဲချသည်။

"အဖေ အဖေ အဲလိုမလုပ်နဲ့ဗျ၊ ကျွန်တော်တို့က ချစ်လို့ခိုးလာတာ"

"ဘာချစ်လို့လဲ၊ အောင်မာ ဒီအကြော်သည်မကိုများ"

"အကြော်သည်မ အကြော်သည်မလို့ မပြောပါနဲ့၊ ကျုပ်တို့က ကန်စွန်းရွက်လဲ ရောင်းပါသေးတယ်"

"အေး ကန်စွန်းကြော်သည်မကိုများ"

"အဲဒီလိုခေါ်တာလဲ မကြိုက်ဘူး၊ ကျုပ်သမီးကို ကျုပ်က အကြော်ရောင်းပေမယ့် ခြေမွေးမီးမလောင်၊ ·လက်မွေးမီးမလောင်ထားတာ"

"အောင်မာ အကြော်ရောင်းပြီး ခြေမွေးမီးမလောင် လက်မွေးမီးမလောင်ထားရအောင် အကြော်ဘယ်လိုကြော်မှာလဲ"

"ယောင်းမကို ပေါင်ညှပ်ပြီး ထယ်ထိုးသလို ကြော်တာဟေ့"

"ဒါဆို ဘာမွေးမီးလောင်လဲ စဉ်းစားသာကြည့်"

"အို အများနည်းတူ ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင်ရင် တော်ပြီ"

"ငုတ်စိမကိုများ"

"သြော် ဒီလိုဆို၊ ဟိုကောင်မ လာစမ်း၊ ငါက ဆယ်အိမ်ခေါင်းနဲ့ ပေးစားမှာကို မြင့်တယ်ထင်ပြီး ရှုံးပြာတာနဲ့ ခိုးရာလိုက်တာပေါ့လေ၊ ဆင်းခဲ့စမ်း၊ နင့်ကို အရှင်မထားဘူး"

"မေမေတို့ ဖေဖေတို့ အဲလိုမလုပ်နဲ့နော်၊ သမီးတို့ချစ်လို့ ခိုးရာလိုက်လာတာ"

"ချစ်လို့ ခိုးရာလိုက်တယ် ဟုတ်လား၊ ရေဆေးပြီး၊ အဲ မျက်နှာလေးရေဆေးပြီး အိမ်ပေါ်ပြန်တင်ထားရင် အကောင်းပဲ"





"အောင်မာ နင်တို့မိန်းကလေးရှင်ကတောင် ရေဆေးရဦးမယ်၊ တို့ယောကျ်ားလေးရှင်က လုံချည်နဲ့သုတ်လိုက်ရုံနဲ့ကောင်းတယ်"

"ဟော့ကောင် ဘာပြောတာလဲ"

"မျက်နှာပြောပါတယ်"

"ကဲ ပြောနေကြာတယ်၊ လာခဲ့စမ်း၊ ငါ မျက်နှာကို ဆွဲပစ်ထည့်လိုက်မယ်၊ အင်းဟာ"

"ကောင်မ အဆင့်မရှိတဲ့ကောင်နဲ့များ လိုက်ပြေးရတယ်လို့"

"ဟော့ မင်းတို့ အဲလိုမပြောနဲ့"

"ပြောတော့ ဘာဖြစ်လဲ"

သူတို့အချင်းချင်း ညိနေသေး၏။ နောက်မှ သတိရပြီး

"အေး မင်းတို့ခိုးပြေးရအောင် ပိုက်ဆံက ဘယ်ကရတာလဲ"

"အေး ရှုံးရှေ့သန့်ရှင်းရေးလုပ်ပြီး စာရေးလုပ်နေတဲ့ကောင်က ဘယ်ကပိုက်ဆံရပြီး ဒီကားနဲ့ပါလာတာလဲ"

အားလုံးခေါင်းတွေက အောင်ထက်ဖက် ပြန်လှည့်သွားသည်။

"သူ့ သူခေါ်လာတာပါ"

နှစ်ဖက်မိဘများလဲ တင်းသွားပြီး

"ဟော့လူ ခင်ဗျား ဘာလို့ သူတို့ကို ခေါ်လာတာလဲ"

"ခင်ဗျား တမင်သက်သက် ဒီလိုဖြစ်အောင် လုပ်တာပေါ့လေ"

သူတို့စကားကြောင့် အောင်ထက် မျက်လုံးပြူးသွားကာ

"ဟင် ကျွန်တော် သူတို့ကို မခေါ်ပါဘူး"

နှစ်ဖက်မိဘက ပို၍စိတ်ဆိုးသွားပြီး

"ဒါဆို ဘယ်သူခေါ်တာလဲကွဟေ၊ သူပြောတော့ မခေါ်ဘူးဆို"

မင်းနိုင်က မျက်လွှာချပြီး

"ပူတူးကို ကျွန်တော်ခေါ်လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်းကို ဘယ်သူ ဒီကားပေါ်ခေါ်လာတာလဲ"

ကျော်စိုးက ရှေ့ထွက်လာပြီး

"သူ့ကို ကျွန်တော်ခေါ်လာတာပါ၊ ကျွန်တော်က ရုံးမှာ နေ့စဉ်ခံဝန်ထိုးစရာရှိတာနဲ့ သူ့ကို ကျွန်တော်ခေါ်လာတာပါ"

ထိုမျှနှင့်မဆုံး၍ မိဘများက

"ဒါဆို မင်းကို ဘယ်သူခေါ်လာတာလဲ"

ပြုံးရီက မျက်လုံးကလယ်ကလယ်နှင့်

"ကျွန်မခေါ်လာတာပါ၊ ကျွန်မခရီးထွက်ရမှာဆိုတော့ သူ့ကို စိတ်မချလို့ပါ"

---

**ဟဲ့ အကြောလေးသုံးလေးခု**

**ပန်းပေါ်ရွက်သွားပြီး**

**တစ်နေ့ကို**

**တစ်သောင်းမျိုးရှုနိုင်တာ**

**ကမ္ဘာမှာ ငါ့သမီးပဲရှိတာ**

---

"ဒါဆို နင့်ကိုကရော ဘယ်သူခေါ်တာလဲ"

"ဟိုလေ၊ ကျွန်မသားကို သူ့သူငယ်ချင်းက ခေါ်လို့ အဲဒါ"

"ဒါဖြင့် နင့်သားကို ဘယ်သူခေါ်တာလဲ"

"အဘွားမြေးပါကွယ်၊ သူက အဖော်မပါရင် ပျင်းလို့ မောင်ထွေးကို ခေါ်လိုက်တာပါ"

"ဒါဖြင့် အဘွားကိုကရော"

"ကျွန်တော်ခေါ်တာပါဗျာ၊ ကျွန်တော်က တိရစ္ဆာန်ဆရာဝန်





ပါ၊ ဒီကြောင်လေး နေမကောင်းလို့ လိုက်လာတာပါ"

အဖြေကမဆုံးနိုင်သေး၍ လူကြီးများ ပို၍တင်းလာသည်။

"ကဲ ဒါဖြင့် အဲဒါ ဘယ်သူ့ကြောင်လဲ"

"ကျွန်မကြောင်ပါရှင်၊ ကျွန်မ သူ့ကိုနေမကောင်းလို့ ခေါ်လာတာ"

အားလုံး မျက်မှောင်ကြုတ်ကုန်၏။ ကြောင်မှာပင် ဇာတ်လမ်းဆုံးမလို ဖြစ်နေတာကိုး။

"ဒါဖြင့် ညည်းကိုရော ဘယ်သူခေါ်လာတာလဲ"

ခင်က အောင်ထက်ကို လက်ညှိုးအတိုလေးထိုးပြီး

"ကျွန်မယောကျ်ားက ဟန်းနီးမွန်းထွက်မယ်ဆိုပြီး ကျွန်မကို ခေါ်လာတာပါ"

အားလုံးအကြည့်က အောင်ထက်ပေါ် ကျကုန်ပြန်၏။ အူကြောင်ကြောင်ဖြစ်နေသော အောင်ထက်မျက်နှာမြင်တော့ အကြီးအကျယ်ပေါက်ကွဲကာ

"ဟင် မင်းပြောတော့ မခေါ်ခဲ့ဘူးဆို၊ အခုအတိုင်းဆို အားလုံးကို မင်းခေါ်ခဲ့တာပေါ့ ဟုတ်လား"

သူတို့အမေးကို အောင်ထက်ကလဲ အူကြောင်ကြောင်နှင့်

"ဟင် ကျွန်တော် သူတို့ကို မခေါ်ခဲ့ဘူးလေ၊ ကျွန်တော်က ကျွန်တော့်မိန်းမတစ်ယောက်ပဲခေါ်တာ"

ခင်ကလဲ အမှုပတ်မည်ဆိုး၍ ပျာပျာသလဲဖြင့်

"ဟင့်အင်း ကျွန်မလဲ သူတို့ကိုမခေါ်ဘူး၊ ကျွန်မက ကြောင်လေးပဲ ခေါ်တာ"

ဒါကို ဇော်မောင်ကလဲ

"ကျွန်တော်လဲ ကြောင်ကုဖို့လိုက်လာတာ၊ ကျွန်တော်ခေါ်တာ ကျွန်တော့်အဘွားတစ်ယောက်တည်း"



www.burmeseclassic.com

www.burmeseclassic.com



“အဘွားလဲ ဟောဒီမြေးလေးမောင်လတ်ကို ခေါ်တာပါကွယ်”

“သားက မောင်ထွေးကိုခေါ်တာ”

“မောင်ထွေးက အမေ့ကိုခေါ်တာ”

“အမေက မင့်အဖေပဲခေါ်တာ”

“အဖေက မင်းနိုင်ပဲခေါ်တာ”

“ကျွန်တော်လဲ ပူတူးပဲခေါ်တာ”

“ပူတူးက”

“တော်ကြတော့ကွာ၊ တော်ကြတော့”

လူကြီးတစ်ယောက်က သည်းမခံနိုင်ရှာတော့ဘဲ ထအော်သည်။ အဖြစ်အပျက်က မုန့်လုံးစက္ကူကပ်ထက် ရှုပ်ထွေးနေသည်မဟုတ်လား။ ဘယ်ကစပြီး ဖြေရှင်းရမှန်းမသိတော့။

“ကဲ အဲဒီတော့ ဒီကိစ္စ ဘယ်လိုရှင်းမလဲ”

“ဘယ်ကိစ္စလဲ”

“ဘယ်ကိစ္စရမှာလဲ၊ ငါ့သမီးကို ဒီကောင်ခေါ်လာတဲ့ကိစ္စလေ”

အားလုံးအာရုံက ပူတူးတို့စုံတွဲဆီ ပြန်ရောက်သွား၏။ နှစ်ဖက်အမျိုးများကလဲ ဆွဲလား လွဲလား ပြန်ဖြစ်ကုန်၏။

“ဟဲ့ ငါ့သမီးကို နင့်သားနဲ့သဘောမတူနိုင်ဘူး၊ ဒါပဲ”

“အောင်မာ သဘောမတူနိုင်အောင် နင့်သမီးက ဘယ်လောက်ကြီးကျယ်နေလို့လဲ”

“ဟဲ့ အကြော်လေးသုံးလေးခု ဗန်းပေါ်ရွက်သွားပြီး တစ်နေ့ကို တစ်သောင်းမျိုးရှာနိုင်တာ ကမ္ဘာမှာ ငါ့သမီးပဲရှိတာ”

“အောင်မလေး အဲဒါမျိုးပြောမယ်ဆို ကျုပ်သားကလဲ လက်မှတ်ကလေးထိုးရုံနဲ့ တယ်လီဖုန်းပေါက်ပြီးသားပဲ”



BURMESE CLASSIC .com



“ဟဲ့ ရမှာပေါ့ဟဲ့၊ မဲလိမ်တာကိုး”

“ငါ့သားမှလိမ်တာ မဟုတ်ဘူးဟေ့၊ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လိမ်နေကြတာပဲ၊ ပြောစရာရှားလို့”

“ငါ့သမီးက ဘာမှလိမ်စရာမလိုဘူး၊ ငွေရှာနိုင်ပြီးသား”

“အောင်မလေး ဗယာကြော်တစ်ခုကို တစ်သောင်းနဲ့ဘယ်သူက ဝယ်စားလို့တုန်း”

“ဖောက်သည်များလွန်းလို့ ရေတောင်ကမန်းကတန်းချိုးနေရတာ မှတ်ထား၊ နင့်သားကသာ ပိုက်ဆံမပေးဘဲ သူများအကြော်လုစားချင်နေတာ”

“လုစားတာမဟုတ်ဘူး၊ နင့်သမီးလာပို့တာ”

× × ×



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်လုံးကလဲ ဘာမှသာမဟုတ်တာ။ တစ်ဖက်ကိုတစ်ဖက် သဘောမတူနိုင် ဖြစ်နေကြသေး၏။

"ဒီကောင်နဲ့ပေးစားမယ့်အစား ခွေးအမြီးဖြတ်ပေးစားမယ်"

"ဒီလိုကောင်မအစား ခွေးအမြီးဖြတ်ပေးမယ်၊ ခွေးသိက္ခာကျလို့"

"ဟုတ်တယ်၊ နင်တို့အလှည့်မှ သိက္ခာရှိတဲ့ ကိုခွေးနဲ့ပေးစားမယ်"

ကြာတော့ အောင်ထက်လဲ သည်းမခံနိုင်တော့။

"ကဲ ခင်ဗျားတို့ကိစ္စ မြန်မြန်ရှင်း၊ ကျုပ်တို့လဲ သွားစရာရှိ





သေးတယ်၊ ခင်ဗျားတို့ကို မစောင့်နိုင်ဘူးဗျာ၊ ဒါပဲ"

အောင်ထက်စကားကြောင့် အားလုံးငြိမ်ကျသွား၏။ ဒါကိုပူတူးက

"အဖေတို့အမေတို့ ဘယ်လိုပဲပြောပြော သမီးကတော့ ကိုမင်းနိုင်ကို မခွဲနိုင်ဘူး၊ ကိုမင်းနိုင်နဲ့ပဲလိုက်မယ်၊ ဒါပဲ"

ဒါကို ကိုမင်းနိုင်ကလဲ

"ဟုတ်တယ်၊ ဒါဆို ကျွန်တော်လဲ ပူတူးအတိုင်းပဲ၊ အဖေတို့နဲ့တော့ ပြန်မလိုက်နိုင်ဘူး"

နှစ်ယောက်လုံးက ပြတ်သားနေ၍ မိဘများလဲ အကြပ်ရိုက်ကုန်၏။ အတန်ကြာမှ ပူတူးမိခင်က

"အို ဒီအတိုင်းတော့ ငါ့သမီးကို ပြန်ခေါ်လို့မရရင် ဒီအတိုင်းတော့ မလွှတ်ဘူး"

"ဒီတော့"

"ငါလဲလိုက်မယ်"

"ဟမ်"

အောင်ထက် ထခုန်မိမတတ် ဖြစ်သွားရ၏။ ဒါကို မင်းနိုင်၏ မိဘများကလဲ

"အို သူတို့တောင်လိုက်သေးရင် တို့လဲနေခဲ့လို့ ဘယ်ဖြစ်မလဲ၊ တော်ကြာ တို့ကွယ်ရာမှာ တို့သားကို တစ်ခုခုလုပ်လိုက်မှဖြင့်"

"ဒါဆို"

"တို့လဲလိုက်ရမှာပေါ့"

"သေပြီ"

အောင်ထက် သူ့နဖူးကို ဖောင်းခနဲ ပြန်ရိုက်မိသည်။

"ဖယ်စမ်း၊ ငါတို့ အရင်ကားပေါ်တက်မယ်"

"ဟဲ့ ကားကကြပ်နေပြီဟာကို ဘယ်ကိုတက်ဦးမှာလဲ"

www.burmeseclassic.com



"တက်လို့မရရင် နောက်ထပ် ကားတစ်စီးငှားပေး ဒါပဲ၊ ငါတို့တော့လိုက်မှာပဲ"

အောင်ထက် ဘာမှမတတ်နိုင်တော့။ သူ့မိန်းမခင်ဖက် မျက်နှာငယ်နှင့် ပြန်ကြည့်သည်။ ပြီးနောက် မပြောချင်ပြောချင်ပုံစံမျိုးနှင့်

"မိန်းမ"

ခင်က ဝေ့ကြည့်သည်။ အောင်ထက်က တံတွေးမျိုချရင်း

"စိတ်တော့မဆိုးနဲ့ကွာ"

ခင်က အောင်ထက်ကို ငေးကြည့်နေသည်။

"မင်းကြောင်မဂျီလီကို လွှတ်ချလိုက်လို့ မရဘူးလား"

"ဘာ"

ခင်၏အသံကျယ်ကျယ်။ ချက်ချင်းမျက်ရည်များ ဝိုင်းသွားပြီး

"ရှင် ရှင် လူစိတ်မှရှိသေးရဲ့လားဟင်"

"မဟုတ် မဟုတ်ဘူးလေ"

အောင်ထက် ဘယ်လိုရှင်းရမှန်းမသိတော့။ ခင်ကသာဒေါသတကြီးဖြင့်

"ရှင်က ကျွန်မသမီးနဲ့ ကျွန်မကို ရှင်ကွဲကွဲစေချင်တယ် ဟုတ်လား"

"မဟုတ် မဟုတ်ပါဘူးကွာ"

ရုတ်တရက်မို့ အောင်ထက်လဲ မရှင်းပြတတ်တော့။

"တော်ပြီ၊ ရှင်နဲ့ကျွန်မ ခရီးမသွားတော့ဘူး"

ဆိုကာ ကားပေါ်က ကြောင်လေးပိုက်၍ ခုန်ဆင်းသွားလေတော့

"ခင် ခင် ဟာ ခဏလေး မောင်ရှင်းပြ"

လမ်းမပေါ်သို့ အတင်းပြေးလိုက်ရသည်။





မလိုက်လို့မဖြစ်။ ခင့်နောက်က ကြောင်ဆရာဝန်၊ ကြောင်ဆရာဝန်နောက်က သူ့အဘွား၊ သူ့အဘွားနောက်က မြေး၊ မြေးဘေးမှာ မြေးသူငယ်ချင်း၊ ထိုသူငယ်ချင်းနောက်မှာ မိဘနှစ်ပါး၊ မိဘနှစ်ပါးနောက်မှာ မင်းနိုင်၊ မင်းနိုင်နောက်မှာ ပူတူး၊ ပူတူးနောက်မှာ သူတို့တွေမိဘများ။

ကားထဲမှာ သူတစ်ယောက်တည်း ထိုင်နေလို့မှ မဖြစ်တာ။ ထို့ကြောင့်. . .

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကားလေးက တရိပ်ရိပ်ပြေးနေဆဲ။

သူတို့၏ကားနောက်တွင် လူမဆန့်လို့ ထပ်ငှားလာရသော ကားတစ်စီး။

ခင့်ကိုကြည့်တော့လဲ ကြည်ကြည်လင်လင်။ ခင်က အောင်ထက် ဖက်လှည့်ရင်း

"မန္တလေးရောက်မှ တစ်မျိုးစီစဉ်ကြတာပေါ့ မောင်နော်"

အောင်ထက် သက်ပြင်းချမိသည်။ အခြေအနေက မလှုပ်သာမလွန့်သာ အခြေအနေ။

နှစ်ယောက်ထဲထွက်လာမှ ကားနှစ်စီးစာလူပါလာခဲ့ပြီကိုး။



ခင်လဲ သူ့ကြောင်အတွက် နောင်တအနည်းငယ်ရနေပုံရ၏။ ကြောင်လေးကိုကြည့်လိုက်၊ အောင်ထက်ကိုကြည့်လိုက်နှင့် ကလယ် ကလယ် ဖြစ်နေရသည်။ အောင်ထက်က သက်ပြင်းချရင်း

"တို့ ဟန်နီးမွန်းခရီးက ဘုရားနဲ့တရားနဲ့ဆိုတာမျိုး တကယ် ဖြစ်နေပြီ"

ခင် မျက်လုံးပြူးသွားပြီး

"ဘာလို့လဲဟင်"

အောင်ထက် ပြုံးရင်း

"စဉ်းစားကြည့်လေ၊ တို့ခရီးက ဘုရားလဲရောက်မယ်၊ ပြီးရင် တရားရုံးလဲ ရောက်ဦးမှာလေ၊ ဒါကြောင့် ဘုရားနဲ့တရားနဲ့လို့ပြော တာ"

အောင်ထက်အပြောကို ခင်ပြုံးသွားသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



အထုပ်အပိုးအပြည့်အစုံနှင့် လူများကိုကြည့်၍ တည်းခိုခန်းမန်နေဂျာ အံ့အားသင့်သွားသည်။

“ခင်ဗျားတို့ လူတစ်အုပ်တစ်မကြီးနဲ့ တည်းခိုခန်းတစ်ခုတည်း ဘယ်လိုရနိုင်မလဲဗျာ၊ ကိုယ်တိုင်ဆောက်ယူမှ တည်းလို့ရမယ်”

တည်းခိုခန်းမန်နေဂျာက ပြောသည်။ ပြောလဲပြောစရာ။ သူ့နောက်မှာ လူအုပ်ကြီးက နည်းမှမနည်းဘဲကိုး။

“ကဲ အဲဒီတော့ ဘယ်လိုလုပ်ကြမလဲ”

အောင်ထက် ခင်ကို ပြန်လှည့်၍မေးသည်။ ခင်က စဉ်းစားရင်း





“အင်း ဒီအတိုင်းဆို ဘယ်တည်းခိုခန်းမှ ရမယ်မထင်ဘူး၊ တခြားနည်း စီစဉ်မှပဲ ဖြစ်တော့မယ်”

သူတို့၏စကားကို မင်းနိုင်က

“အမြန်စီစဉ်ရင် စီစဉ်၊ ကျုပ်နဲ့ ပူတူးက နားချင်နေပြီဗျို့ ဝါး”

သူ့စကားကြားသည်နှင့် ပူတူးမိဘများက

“အောင်မာ ရဝတပြာတာက လူပါးဝလို့၊ ငါ့သမီးနဲ့နားချင်တယ်ဆိုသေး၊ နင့်ရုပ်နဲ့ဆို ငါ့သမီးမပြောနဲ့ ငါတောင်မရဘူး”

ဒါကို မင်းနိုင်တို့အမေကလဲ တစ်စခန်းထ၍

“အောင်မာ သူ့ရုပ်သူ့အရွယ်နဲ့ လင်ငယ်ကလဲ နေလိုက်ချင်သေး၊ ပြောကိုမပြောလိုက်ချင်ဘူး”

“ဟဲ့ ကောင်မ ဘာပြောတာလဲ၊ ငါအခု ပါးချလိုက်မယ်”

“အောင်မာ ချရဲချကြည့်စမ်း၊ စမ်းကြိုင်တဲ့ ကြိုက်တဲ့နေရာ စမ်း”

“ဘာလို့စမ်းရမှာလဲ ရွံစရာကြီး”

“ဟဲ့ကောင်မ နင်လွန်လာပြီနော်”

“ကဲ တော်ကြပါတော့”

အခြေအနေမကောင်း၍ အောင်ထက်မှပင် ဝင်အော်လိုက်ရသည်။ ဒါတောင် ပူတူး၏အဖေက

“အောင်မာ ဒီကောင် တို့အမျိုးလဲမဟုတ်ဘဲ ဘာလို့ဝင်အော်နေရတာလဲ”

“ဟုတ်သား၊ တို့အမျိုးလဲမဟုတ်ဘဲ ဘာလို့လူစွာ ဝင်လုပ်နေတာလဲ”

သူတို့စကားများကြောင့် အောင်ထက်ကြောင်သွားသေး၏။ ဟုတ်ပါရဲ့။ ဘာမှလဲ မတော်ဘဲနဲ့ ဝင်အော်မိနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ သတိရပြီး

"အမျိုးမဟုတ်လဲ ကျုပ်ခေါ်လာတာ၊ တိတ်ဆိုတိတ်"

အားလုံးတိတ်ကုန်၏။ ထိုတော့ အောင်ထက်လဲ ခေါင်းကုတ်ပြီး

"ဒီမှာ ဒီလူအုပ်နဲ့ တည်းဖို့ခိုဖို့ ဘယ်လိုလုပ်ရမှန်းမသိ ဖြစ်နေရတဲ့ကြားထဲ ခင်ဗျားတို့ကတမျိုး"

အားလုံးခေါင်းကုတ်ကုန်၏။ အတန်ကြာမှ မင်းနိုင်တို့အဖေဦးဆောင်မှ

"နေဦးကွ၊ ဒီမှာ ငါတို့ဘကြီး ကျောင်းထိုင်ဆရာတော်တစ်ပါးရှိတယ်၊ သူ့ကို အကူအညီတောင်းကြည့်ရင် 'ရမလားပဲ"

ထိုတော့မှ အားလုံးတက်ကြွကုန်ပြီး

"အေး ဟုတ်တယ်၊ အဲဒီအကြံမဆိုးဘူး၊ ဘုန်းကြီးကျောင်းဆိုတော့ ကျယ်လဲကျယ်တယ်၊ အားလုံးအတွက် နေစရာ စားစရာ ရမှာပဲ"

"အေး ဟုတ်တယ်ဟေ့၊ ဘုန်းကြီးကျောင်းပဲ သွားရအောင်"

"ဆရာတော်ကို ခွင့်ပန်ပြီးနေကြရင် အိုကေပဲဟေ့"

အားလုံး တရုန်းရုန်းနှင့် တည်းခိုခန်းမှ ဆင်းပြေးကုန်၏။ တည်းခိုခန်းမန်နေဂျာက သူတို့ကိုကြည့်ပြီး

"ဘယ်ကနေ ခေတ်ပျက်ပြီး ထွက်ပြေးလာကြတယ်မသိဘူး၊ အိမ်နွေကိုမရဘူး"

ထို့ကြောင့်. .

× × ×





"ဤသို့ပြုရ ကုသလကြောင့် လိုအင်ဆန္ဒများ တလုံးတဝတည်း ရကြပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ရပါလို၏"

အားလုံး ဆရာတော်ကို ဝင်ကန်တော့ကြသည်။ ဆရာတော်က

"အေးလေ၊ ကျောင်းမှာပဲ လွတ်လွတ်လပ်လပ်ပဲ တည်းကြပေါ့၊ ဆွမ်းကွမ်းကတော့ ဖြစ်သလိုပဲပေါ့ကွယ်"

"တင်ပါ့ဘုရား"

အားလုံးက လက်ခံသော်လည်း မင်းနိုင်က ဘေးဘီဝေ့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး

"ဆရာတော်ဘုရား၊ ဒီ ဒီမှာ သီးသန့်ခန်းလေးများ မရှိဘူးလားဟင်"

သူ၏အပြုအမူကို သူ၏မွေးသဖခင်ပင် မနေနိုင်တော့

"တယ်လေ ငါ ငယ်ထိပ်ကို ဖနောင့်နဲ့ထပေါက်လိုက်ရ မကောင်းရှိတော့မယ်၊ ဘုန်းကြီးကျောင်းလာပြီး အထူးခန်းတောင်း နေသေးတယ်၊ မသိရင် သူ့ကိုပဲ မာစတာရွှန်း ထားပေးရမလိုဖြစ်နေ ပြီ"

ဆရာတော်ကတော့ မသိကျိုးကျွံပြု၍

"အင်း ဒါတွေက အားလုံးဆွေမျိုးတွေချည်းပဲလား"

ဒါကို မင်းနိုင်ကပင် ထ၍

"တော်တော့ တော်နေပါပြီ၊ မတည့်သေးတာ တစ်ခုပါပဲ"

"ဟော့ကောင် မင်းရဲ့ရှိသမျှအပေါက်အားလုံး ပိတ်စမ်း"

ထိုတော့မှ မင်းနိုင် ပြန်ငြိမ်ကျသွား၏။ ဆရာတော်က ခေါင်း တဆတ်ဆတ် ညိတ်ရင်း

"အေးကွယ်၊ ဦးဇင်းလဲ ငယ်စဉ်ကတည်းက ဒီလိုစိတ်ကူးရှိပါ တယ်ကွယ်"

ဆရာတော် ဘာမိန့်နေမှန်းမသိကြ။

"ဆွေမျိုးစုံရာနဲ့ မြန်မာပြည်တစ်ပတ် ဘုရားဖူးထွက်ဖို့ပေါ့"

"ဗျာ"

အောင်ထက် ထခုန်မိမတတ် ဖြစ်သွားရသည်။ ဒါကို နဂို လျှာချောင်နေသော မင်းနိုင်က

"အခု တစ်ခါတည်းလိုက်ခဲ့လေ ဦးဇင်း၊ တပည့်တော်တို့လဲ ကုသိုလ်ရတာပေါ့၊ ဟုတ်ဘူးလား အဖေ"

အရေးထဲ ကုသိုလ်အလကား ဝင်ယူနေသေး၏။ ဒါကို မင်း





နိုင်၏ဖခင်ကလဲ

"ဟုတ်ပါတယ် ဘုရား၊ တပည့်တော်တို့နဲ့အတူ တပါတည်း ပျော်ပျော်ပါးပါး လိုက်လာလို့ရပါတယ်ဘုရား၊ ကားကလဲ နှစ်စီးဆို တော့လေ"

ဆရာတော်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း

"အင်းလေ အမျိုးတကာတွေဖိတ်တော့လဲ ကြွရတာပေါ့၊ သာဓု သာဓု သာဓု"

အောင်ထက်မှာ အလိုလိုနေရင်း မျက်လုံးပြူးနေမိသည်။

"ဟင် ဟင် ဆရာတော်ပါလိုက်မယ်"

ဒါကို ဆရာတော်က အောင်ထက်ဖက်လှည့်ပြီး

"ကဲ မောင်အောင်ထက်ရေ"

"ဘုရား ဘုရား ဘုရား"

ပါးစပ်က ဘာကြောင့်မှန်းမသိ။ ထိုစကားတစ်ခွန်းသာ ထွက် တော့၏။

"မင်းလဲ ကုသိုလ်တွေ တလှေကြီး ရတော့တာပေါ့"

"ဘုရား ဘုရား ဘုရား"

ထိုစကားသာ ကတုန်ကယင်နှင့် ထွက်ရရှာသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



“ဒါ ဟိုကောင်တွေအမျိုး သက်သက်ကျောတာ”

“ဘာလို့လဲ”

ပုတုးတို့မိဘများ တိုင်ပင်နေကြခြင်းဖြစ်၏။

“ဘာဖြစ်ရမှာလဲ၊ သူတို့က သူတို့အမျိုး ဘုန်းကြီးခေါ်သွားတယ်၊ ကျုပ်တို့ကျတော့ ဘယ်သူ့ကိုမှ မခေါ်ရဘူး၊ ဒါမတရားတာပဲ”

ပုတုးအမေဖြစ်သူ စကားကြားတော့ ပုတုးအဖေ တင်းသွားသည်။

“ဟုတ်တယ်၊ ဒါမတရားဘူး၊ သူလဲ အလကား၊ ကိုယ်လဲ အလကားသွားရတဲ့ခရီးမှာ သူတို့က လူပိုခေါ်တယ်ဆိုတော့ သက်သက်

စိုး . မိုး : ၈ ၁ ၆ ၀



ကျောတာပဲ၊ အဲဒီတော့ ဘယ်လိုလက်စားချေရမှာလဲ”

“အိုတော် ကျုပ်တို့မှာလဲ ဦးဇင်းအမျိုးတွေရှိတာပဲ၊ သွားလျှောက်ပြီး ရအောင်ပင့်ကြတာပေါ့၊ သူတို့လဲ ဆရာတော်တစ်ပါးဆိုတို့လဲ တစ်ပါးပေါ့”

“အေး ဟုတ်တယ်၊ အချိန်ရှိတုန်း သွားပင့်ကြရအောင်”

“ဘုန်းကြီးကျောင်းလမ်းညွှန် ရှာရအောင်”

အားလုံး တရှန်းရှန်းနှင့် ဖြစ်ကုန်၏။

ထိုသို့

× × ×

စိုး : မိုး : ၈ ၁ ၆ ၀

www.burmeseclassic.com

www.burmeseclassic.com



နံဘေးခန်းမှ နားထောင်နေသော အောင်ထက် ရင်တမမ နှင့်ဖြစ်နေသည်။

ဟန်းနီးမွန်းခရီးထွက်တာ ကြာလေ လူများလေဖြစ်လာပြီ။ ဒီအတိုင်းဆက်သွားနေလျှင် အခြေအနေဟန်တော့မည်မဟုတ်။ တိုင်းပြည်တစ်ဝက်မျှ ပါလာဖွယ်ရှိသည်။ ကြိုတင်ချိတ်ထားသော နေရာများကို ဖြတ်လိုက်တာကမှ တော်ကာကျပေတော့မည်။

ထိုသို့ ဖျက်လိုက်လျှင်လည်း ပျော်ရွှင်စရာ ဟန်းခနီးမွန်းခရီးက နှမြောစရာ။ ရှေ့ဆက်တိုးရမည်လား၊ နောက်ဆုတ်ရမှာလား မဝေခွဲနိုင်သေး။ ဆက်သွားလျှင်လဲ မဆီမဆိုင်သူများ၏ အနိုင်ကျင့်ခြင်းလဲ





ခံရပေဦးမည်။ သူခပ်ကြမ်းကြမ်း ခေါင်းခါလိုက်သည်။

"ကိုအောင်ထက် ကိုအောင်ထက်"

ခေါ်သံကြားတော့ အောင်ထက်ခေါင်းထောင်သွား၏။

"ကိုအောင်ထက် ကိုအောင်ထက်ရှိလား"

ဇော်မောင်၏ခေါ်သံ။ ထို့ကြောင့်

"ရှိတယ် ကိုဇော်မောင်၊ ဘာလဲ၊ ကြောင်လေးဆုံးပြီလား"

အောင်ထက်၏ စိတ်ပျက်လက်ပျက်စကား။ ဒါကို ဇော်မောင်က

"အာ မဟုတ်ပါဘူးဗျ၊ လာပါဦး ခင်ဗျားကို ပြောစရာရှိလို့ပါ"

အောင်ထက် စိတ်ပျက်စွာပင် အပြင်ထွက်လိုက်သည်။

"ကဲ ဘာလဲ ပြော၊ ဘာပြောမလို့လဲ၊ ဘယ်သူတွေ ထပ်လိုက်လာလဲ"

ဇော်မောင်နား ဆောင့်ကြောင့်ထိုင်ရင်း ပြောသည်။ ဇော်မောင်လဲ အောင်ထက်ကိုကြည့်ပြီး

"ကျွန်တော်လဲ ခင်ဗျားကိုကြည့်ပြီး အားလဲနာ သနားလဲ သနားလာပါပြီဗျာ"

အောင်ထက် ငိုမဲ့မဲ့နှင့် ဘာမှမပြောနိုင်။

"ခင်ဗျား အခုဖြစ်နေတာ ခင်ဗျားမိန်းမရဲ့ကြောင်မ ဂျိုလီကြောင့်ပဲ မဟုတ်လား"

အောင်ထက် ငိုမဲ့မဲ့နှင့်ပင်

"ခင်ဗျားသိရဲ့သားနဲ့ဗျာ၊ မေးနေရသေးလား"

ဇော်မောင် အောင်ထက်နားကပ်လာသည်။

"ဒီမှာ ခင်ဗျားကို ကျွန်တော်ပြောပြမလို့"

"ဘာလဲဗျာ၊ ဘာရှုပ်ဦးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မရှုပ်ပါဘူး၊ ဒီမှာ ခင်ဗျားမိန်းမရဲ့ကြောင်မဂျိုလီ ဖြစ်နေတာ တကယ်တော့ ရင်ကြပ်ရောဂါမဟုတ်ဘူး"

"ဟင်"

အောင်ထက်ခေါင်းထောင်သွားသည်။

"ဘာ ဘာပြောတယ်"

ဇော်မောင်က အသံတိုးတိုးဖြင့်

"ဟုတ်တယ်ဗျ၊ ခင်ဗျားကြောင်မက ရင်ကြပ်တာမဟုတ်ဘူး"

အောင်ထက်က ဇော်မောင်ကို လက်ညှိုးပြန်ထိုးပြီး

"ခင်ဗျားပဲ ကြောင်မကို ရင်ကြပ်ဖြစ်နေတယ်ဆိုပြီး ပြောတယ်လေ"

ဇော်မောင်က ခေါင်းညိတ်ရင်း

"အေး ဟုတ်တယ်၊ ဒါက စကားအဖြစ်ပြောရတာ"

"ဒါ ဒါဆို"

"လင်လိုချင်တဲ့ရောဂါဗျ"

"ဘာ"

အောင်ထက်ထအော်သည်။ ဇော်မောင်က

"ဟုတ်တယ်ဗျ၊ ကြောင်မက အသက်လဲကြီးပြီး လင်မရတော့ ထိုင်းထိုင်းမှိုင်းမှိုင်းနဲ့ ငေါင်နေတာ၊ နောက်ပြီး ဒီလက သူတို့လလေ"

"ပြာသိုလ၊ ဟင် ဒါ ဒါဆို"

"ဟုတ်တယ်ဗျ၊ ကြောင်မကို လင်ပေးစားလိုက်ရင် နေပြန်ကောင်းသွားလိမ့်မယ်"

"နေကောင်းသွားရင်"

"နေကောင်းသွားရင် ခင်ဗျားတို့ဟန်းနီးမွန်းခရီးမှာ ကျွန်တော်မလိုတော့ဘူးလေ"

"ခင်ဗျားမလိုတော့ရင်"





"ကျွန်တော်အိမ်ပြန်ရင် အဘွားလဲပြန်မယ်"

"အဘွားအိမ်ပြန်ရင်"

"အဘွားအိမ်ပြန်ရင် သူ့မြေးလဲပြန်မှာပေါ့"

"သူ့မြေးပြန်ရင်"

"သူ့မြေးပါပြန်ရင် သူ့သူငယ်ချင်းလဲပြန်မယ်"

"သူ့သူငယ်ချင်းပြန်ရင်"

"သူတို့မိဘပြန်မယ်၊ အိုဗျာ၊ မင်းနိုင်တို့အုပ်စုတစ်ခုလုံးပါပြန်ရမယ်"

"ဟင် ဒါဆို"

"ဆရာတော်ဘုရားလဲ သူတို့ပင့်ထားတာမို့ သူတို့နဲ့ပဲ ခရီးဆက်ရမှာပေါ့"

**ဟာ** ဘယ်ဖြစ်ပါ့မလဲ၊
ဖမ်းခေါ်လာတဲ့ကြောင်ထီးကို **ဂျိုလီ**က
မ**ကြိုက်**ရင် ဘယ်မဖြစ်လဲ၊ တော်ကြာ
ကုတ်ကြဲခဲကြနဲ့ **အမွှေး**ပါကြီးသွားမယ်

"ဟား"

အောင်ထက် ဝမ်းသာအားရ ထအော်သည်။ နောက် ဇော်မောင်ကို ပြေးဖက်ပြီး

"ကျေး ကျေးဇူးပါပဲဗျာ၊ ကျေးဇူး၊ အဲ ကြောင်မလင်ရဖို့ ဘယ်လိုလုပ်ရမှာလဲ"

ဇော်မောင် တစ်ချက်စဉ်းစားပြီး



www.burmeseclassic.com

www.burmeseclassic.com



"လင်ရှာပေးရမှာပေါ့"

"လင်ရှာပေးရမယ်"

အောင်ထက် လိုက်လံရေရွတ်သည်။ ဇော်မောင်က

"ဟုတ်တယ်၊ သူ့ကိုလင်ရှာပေးလိုက်ရင် သူ လန်းလန်းဆန်းဆန်း ဖြစ်သွားလိမ့်မယ်"

"ဒါ ဒါဆို"

အောင်ထက် ဘောဘီဝေ့ကြည့်ရင်း

"ဘယ်မှာ ဘယ်မှာရှာမလဲဗျ"

ဇော်မောင်က ခေါင်းကုတ်ပြီး

"အဲ အဲဒါတော့ ဘယ်သိဦးမလဲဗျ၊ ကြောင်ထီးလူပျို့ရှိတဲ့အိမ် ရှာရမှာပဲ"

"ကြောင်ထီးလူပျို"

"ဟုတ်တယ်လေ၊ ဒါမှ ဒုသနသော မဖြစ်မှာ"

ညြော် ကြောင်ကိုတောင် ဒုသနသောဖြစ်မှာ ကြောက်နေသေး။

"ဒါ ဒါဖြင့် မြန်မြန်ရှာမယ်လေ၊ သွားရအောင်"

လောနေသောအောင်ထက်ကို ဇော်မောင်က ပန်းပြန်ဆွဲသည်။

"နေပါဦး၊ ခင်ဗျားကြောင်မဂျူလီကို ခင့်လက်ထဲက ဘယ်လို ယူမှာလဲ"

ဇော်မောင်စကားကြောင့် အောင်ထက်တွေသွား၏။

"ကြောင်မက လိုလို့လား၊ ကြောင်ထီးတစ်ကောင် ဖမ်းခေါ် လာရင် မရဘူးလား"

"ဟာ ဘယ်ဖြစ်ပါ့မလဲ၊ ဖမ်းခေါ်လာတဲ့ကြောင်ထီးကို ဂျူလီ ကမကြိုက်ရင် ဘယ်မဖြစ်လဲ၊ တော်ကြာ ကုတ်ကြဖွဲ့ကြနဲ့ အမှုပါကြီး သွားမယ်"





"ဒါ ဒါဆို"

"ကြောင်မခေါ်သွားရမှာပေါ့"

"သူ့ကြောင်မကို လင်ပေးစားမယ်ဆို ထသတ်ကုန်မယ်နော်"

ဒါလဲဟုတ်သည်။ ခင်က သူ့ကြောင်မကို ဘယ်လောက်ချစ်တယ်ဆိုတာ သူအသိဆုံး။ ကြောင်မကို လင်ပေးစားဖို့ ခေါ်သွားမည်ဆိုလျှင် တက်ပြီးတော့တောင် သေသွားနိုင်သည်။ ထို့ကြောင့်

"ဒါဖြင့် ဒီလိုလုပ်၊ ကြောင်ဆေးဝယ်မလို့၊ ကြောင်မ,ပြပြီး ဝယ်ရမယ်လို့ ပြောရင်ရော"

အောင်ထက်စကားကို ဇော်မောင် မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားခင်က ယုံပါ့မလား"

"ကျွန်တော်ပြောရင်တော့ ဘယ်ယုံမှာလဲ၊ ခင်ဗျားက ကြောင်ဆရာဝန်ပဲ ခင်ဗျားပြောရင်တော့ ယုံမှာပေါ့"

ဇော်မောင် တွေသွားပြန်သည်။ အတန်ကြာမှ

"အေးဗျာ၊ ခင်ဗျားအတွက် ကျွန်တော်ကြိုးစားပေးပါ့မယ်"

အောင်ထက် လက်အုပ်ပင်ချီမတတ် ဝမ်းသာသွားသည်။

"ကျေးဇူးတင်လိုက်တာဗျာ၊ ကျေးဇူးတင်လိုက်တာ၊ ခင်ဗျား ကျေးဇူး ဒီတစ်သက် မမေ့ပါဘူး၊ တကယ်ပါ"

ဇော်မောင်ကတော့ သိပ်ပျော်ရွှင်ပုံမရ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



"ဂျူလီရယ်၊ ဘာဖြစ်လို့ နေကောင်းဖြစ်နေတာလဲ၊ လန်းလန်းဆန်းဆန်းနေပါ၊ နင်နေမကောင်းတော့ မမလဲ ဘယ်စိတ်ကောင်းမှာလဲ၊ ဘာဖြစ်လဲပြောစမ်း"

ကြောင်လေးကတော့ သူ့စကားကို နားလည်လား၊ နားမလည်လားမသိ။ ညောင်ခနဲ ထအော်သည်။

"ရင်ကြပ်တာလား၊ နှလုံးအောင့်တာလား၊ မမကိုပြောစမ်း"

ကြောင်လေးက ခင်လက်ထဲ ခွေပြီးပျော့ကျနေသည်။ သူတို့ကိုကြည့်၍ ဇော်မောင်က အနားကပ်သွားပြီး

"မခင်"





"ဩော် ဆရာ လာလေ၊ ဂျူလီလေးကို ဆေးထိုးဖို့လား"

ဇော်မောင်က အနားကပ်သွားကာ ကြောင်ကလေးကိုစမ်းကြည့်ပြီး

"မခင် ကျွန်တော်ပြောစရာရှိလို့"

ခင်က ဇော်မောင်ကိုမော့ကြည့်သည်။

"ပြောလေ၊ ဘာပြောစရာရှိလို့လဲ"

"ဟိုလေ"

ဇော်မောင်က ခေါင်းကုတ်သည်။ ပြောရခက်နေသည့်ပုံ။

"ဒီလိုလေ၊ ဂျူလီက ကျွန်တော်ဆေးထိုးနေရုံနဲ့က အခြေအနေသိပ်မထူးခြားဘူး မဟုတ်လား၊ ဒါကြောင့် သူ့အတွက်ပိုပြီးကောင်းမွန်အောင် ဆေးဝယ်ဖို့ ဂျူလီကို ခဏငှားလိုက်ပါလား"

"ရှင်"

ဇော်မောင်စကားကြောင့် ခင် မျက်လုံးပြူးသွားသည်။ နောက်မှ သတိရပြီး ကြောင်ကြီးကိုပွေ့ချီကာ

"ဟင် ဂျူလီကို ငှားရမယ်၊ ဘာလို့ငှားရမှာလဲ"

ဇော်မောင်က ပျာပျာသလဲဖြင့်

"မဟုတ်၊ မဟုတ်ဘူးလေ၊ အဲဒီဆေးက ရောဂါခံစားနေရတဲ့ကြောင်ကိုပြပြီးမှ ဝယ်ရမှာမို့လို့ပါ"

ခင်က ဇော်မောင်ကို စိုက်ကြည့်သည်။ အတန်ကြာမှ ဒေါသသံဖြင့်

"ဒါ ကိုအောင်ထက်အကြံမဟုတ်လား"

"မဟုတ် မဟုတ်ပါဘူး"

"ကျွန်မကြောင်လေးကိုယူပြီး တခြားနေရာမှာ သွားပစ်ကြမယ် မဟုတ်လား"

"မဟုတ် မဟုတ်ပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ရဲ့ဟန်းနီးမွန်းခရီးကို လွတ်လွတ်လပ်လပ် သွားချင်လို့ ဂျူလီကို သွားပစ်ခိုင်းတာမဟုတ်လား"

"ကျွန်တော် ကျွန်တော်ပြောတာ နားထောင်ပါဦးဗျာ၊ နားထောင်ပါဦး"

ခင် ပြန်ငြိမ်ကျသွားသည်။ ဇော်မောင်က

"ဒီရောဂါမျိုးနဲ့ သင့်တော်တဲ့ဆေး ရှိပါတယ်၊ ဒါပေမယ့် အဲဒီဆေးကို လူတွေကဝယ်ပြီး တခြားနေရာမှာ သုံးကြလွန်းလို့ ရောဂါရှိတဲ့ကြောင်ကို မပြရင်မရောင်းဘူး၊ အဲဒါကြောင့်ပါ"

ခင် ဇော်မောင့်ကို အသေအချာပြန်ကြည့်သည်။

"ကြောင်လေး အမြန်ကျန်းမာစေချင်ရင် အဲဒီနည်းကို လက်ခံပါ"

ခင် ဇော်မောင့်ကို အကြာကြီးကြည့်နေသည်။ အတန်ကြာမှ လက်ခံသွားဟန်နှင့် မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး

"ဒါဖြင့်လဲ ပြီးရောလေ၊ ဂျူလီကို ခဏတော့ ထည့်ပေးလိုက်မယ်၊ ပြန်ပါလာအောင်တော့ တာဝန်ယူ၊ အကယ်၍ ပြန်မပါလာရင် ကျွန်မ ရှင့်ကို တရားစွဲမယ်"

"ဟုတ် ဟုတ်ကဲ့ပါ၊ စိတ်ချပါဗျာ"

ခင်က ဂျူလီကို ကြောင်ထည့်ထားသော ခြင်းလေးထဲထည့်ပြီး အသေအချာပင် အလှပြင်ပေးလိုက်သေး၏။

"ပြန်ပါလာအောင်ခေါ်ခဲ့နော်၊ တရားစွဲမှာနော်"

အတန်တန်မှာကြားသံ ကြားရ၏။

× × ×





ဇော်မောင်နှင့်အောင်ထက် ကြောင်ခြင်းလေးဆွဲပြီး ရပ်ကွက်ပတ်နေကြသည်။ ကိုယ်မကျွမ်းကျင်သောဒေသမို့ ဘယ်နားကြောင်ရှိမှန်း မသိရ။ ဟိုအိမ်ရှိနိုး၊ ဒီအိမ်ရှိနိုး ကြည့်ရတာကလဲ အမော။

အချို့ကြောင်များတော့လဲ တွေ့ပါရဲ့။ အခြေအမြစ်မရှိဘဲ လမ်းမပေါ် ပေတေနေသော အကောင်များ၊ အချို့ကလဲ မိန်းမရှိပြီး သားကြောင်များသာ ဖြစ်နေ၍ အလုပ်မဖြစ်။ ဒီကြားထဲ တိရစ္ဆာန်ဆရာဝန်ဇော်မောင်က ဇီဇာကြောင်သေး။

"ဒီကောင်က ရုပ်မချောဘူး၊ ကလေးမွေးရင် ရုပ်ဆိုးလိမ့်မယ်၊ ဒီကောင်က မျက်လုံးဂနာမငြိမ်ဘူး၊ မကြာခင် နောက်မိန်းမယူ



www.burmeseclassic.com

www.burmeseclassic.com



မယ့်ကောင် မလုပ်နဲ့၊ ဒီကောင်က ညစ်ပတ်တယ်၊ ကိုယ်နဲ့မသန့်ဘူး”

ဤသို့ဖြင့် ရှာရင်းရှာရင်း မြို့ပြင်ခြံဝင်းကျယ်ကျယ်တွင် ကြောင်ထီးတစ်ကောင်ကိုတွေ့ရသည်။

“ဒီကောင်ကြီး မဆိုးဘူးဗျ၊ ရုပ်လဲသန့်တယ်၊ အရွယ်လဲ ကောင်းတယ်၊ ဒီကောင်နဲ့ ပေးစားကြည့်ရအောင်”

“ဖြစ် ဖြစ်ပါ့မလားဗျာ၊ တော်ကြာ ဂျူလီထွက်ပြေးသွားမှ ဖြင့်”

ဇော်မောင်က အောင်ထက်ကိုငေ့ကြည့်ရင်း

“ဒီလိုပဲ စွန့်စားရမှာပေါ့ဗျာ၊ သဗ္ဗေသတ္တာ ကာမသကာပေါ့၊ အဲ ထွက်ပြေးတော့လဲ လိုက်ဖမ်းရတာပေါ့” ·

ဇော်မောင် စိတ်တိုင်းကျမှ ကြောင်ထီးနားသွားကာ ဂျူလီကို ချပေးလိုက်သည်။

“ညောင်”

ဂျူလီ၏အော်သံ။ တစ်ဖက်မှကြောင်ထီး ခေါင်းထောင်သွားသည်။

“ညောင်”

တစ်ဖက်ကြောင်ကြီးမှလဲ ညောင်သံပြန်ပေး၏။

“ညောင်”

ဂျူလီက မ,သံပေးရင်း လှည့်ကြည့်သည်။

“ညောင် ဝေါင်း”

တစ်ဖက်ကြောင်ထီး၏ ဖိုသံပေးသံ။

“ညောင်း”

ဂျူလီ၏အော်သံ ပြောင်းသွား၏။ ဒါကိုကြားတော့ ဇော်မောင် က

“ဟော့လူ ဟော့လူ၊ ဒါ ဒါ အလုပ်ဖြစ်တော့မယ့်အသံဗျ၊ လာ





လာ ရှောင်နေရအောင်၊ ကြောင်တွေက လူမြင်ရင် ရှက်တတ်တယ် ဗျ၊ တော်ကြာ ကျုပ်တို့ကြည့်နေလို့ အလုပ်မဖြစ်ဘဲနေမယ်၊ လာ လာ”

နှစ်ယောက်သား ပြေး၍ အုတ်နံရံနောက် ပြေးပုန်းလိုက် သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



နေကားစောင်းပြီ။ ကြောင်ကား ဥတုကိုမမီ၊ ရာသီသာသိ၏။

ဂေါ်ယာနေဝန်း အနောက်ဖက်စွန်းသည်အထိ မီးသတ်ကား ဥသြဆွဲသလို တညောင်ညောင် တဝေါင်ဝေါင် ကြားနေရဆဲ။

ဆိတ်ငြိမ်မှုအပေါ် အခြေခံထားသော မြည်သံစွဲများက နား ထဲမှတစ်ဆင့် အသည်းဆီသို့ ထုတ်ချင်းခတ်နေ၏။

ကိုယ်တိုင်နားပိတ်ထားသော်ငြား ကြားနေရဆဲ။

အချို့စာဆိုများက ဆိုကြသည်။ နေဝန်းကား အနောက်ဖက် ကမ်းသို့ မေးတင်ပြီဆို၏။ ရာကြံစဉ်းစားတတ်ကြသော စာဆိုများပေ။ နေဝန်းကြီး၌ပင် မေးစေ့ရှိကြောင်း သူတို့မို့လို့ ရှာဖွေတွေ့ရှိသည်ပဲ။





အချို့ကလဲ နေဝန်းကြီးသည် ရှက်သွေးဖြာသော လုံမပျို၏ ပါးပြင်သဖွယ် ရဲရဲတွတ်နေ၏။ ဆိုကြပြန်သည်။

ရာကြံမြင်တတ်သော စာဆိုပင်။ နေဝန်းကြီးတွင် ပါးပြင်ရှိ ကြောင်းကိုလဲ သူတို့ပဲမြင်ပြန်၏။ ကျန်တာကိုတော့ မမြင်ကြ။ မျက်လုံး နှာခေါင်းနှင့် ကျန်အစိတ်အပိုင်းကို မမြင်ကြ။

ဆိုရသော်. . မေးစေ့နှင့်ပါးပြင်သာပါသော နေဝန်းကား အနောက်ဖက်ယွန်းရှာပြီ။ သို့သော် မီးမငြိမ်းသေး၍ မီးသတ်ကား အော်သံက ကြားနေရဆဲ။ မီးသတ်ကားနှစ်စင်း ခေါင်းချင်းဆိုင်၍ ရေဖြန်းနေကြဆဲဖြစ်။

မှတ်ချက်။ ။မကြားလိုသူ နားပိတ်ထားလေ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အောင်ထက်မှာ သူဌေးစင်စစ်ဇကန်ဖြစ်ပါသော်ငြား သူ၏ မိန်းမကြောင်မ လင်ရရေးအတွက် သူများအိမ်ခြံအုတ်နံရံဘေး ငုတ်တုတ်ကလေး ထိုင်နေရရှာသည်။

ဇော်မောင်ကလဲ ခေသူမဟုတ်ပါ။ တိမ္မေးကုဖြစ်သော်ငြား အိမ်တစ်ဆောင်မီးတပြောင်နှင့် နေနိုင်သူပင်။ အောင်ထက်လောက် မချမ်းသာသော်ငြား သူ့အိုးနှင့်သူ့ဆန်တော့ တန်အောင်တော့ရှိပါသည်။

ယခုတော့ သူလဲ သူ့တာဝန်ယူကုသရသော ကြောင်မလေး လင်ရရှိပြီး ကျန်းမာရေးကောင်းရေးအတွက် သူများအုတ်နံရံဘေး ငုတ်တုတ်ထိုင်နေရသည်။





ခြံထဲမှာကလဲ တဝေါင်းဝေါင်း၊ တညောင်းညောင်းနှင့် လူတွေ အလွန်အမြင်ကတ်လှသော ထိုကြောင်အော်သံများကို အရသာရှိလှစွာ နားသောတဆင်နေရလေသည်။

ကြောင်နှစ်ကောင်ကလဲ မပြီးနိုင်မစီးနိုင် ချစ်ပွဲဝင်နေကြဆဲ။ ဇော်မောင်နဲ့အောင်ထက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ပြုံးပဲပြုရမလား၊ ဖင်ပဲရှုံ့ထားရမလား၊ နားပဲပိတ်ထားရမလား၊ မဝေခွဲနိုင်။

တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်၊ ကျောခြင်းကပ်ဆောင့်ကြောင့်ထိုင်လိုက်နှင့် ဖြစ်နေမိကြ၏။

ဤသို့ဖြင့် နေပင်စောင်းလာပါပြီ။ ညောင်သံများလဲ တဖြည်းဖြည်း တိုးသွားပေပြီ။ ထိုတော့မှ ဇော်မောင်က

"ကဲ ဒီလောက်ဆိုရင် ခင်ဗျားကြောင်မဂျိုလီလဲ နေကောင်းလောက်ပြီထင်တယ်၊ သွားပြန်ခေါ်ရအောင်"

ဟုတ်ပါသည်။ ခြံတွင်း၌ ကြောင်မဂျိုလီမှာ မြက်ပင်များကို လက်သည်းနှင့်ကုပ်လိုက်၊ ကြောက်ဟန်ပြုပြီး ခုန်လိုက်နှင့် ပျော်မြူးနေ၏။ ဇော်မောင်က ခြံစည်းရိုးသံတိုင်လေးကိုင်ကာ

"ဂျိုလီ ဂျိုလီ ကျွပ်ကျွပ်ကျွပ်"

ဂျိုလီ တစ်ချက်ငဲ့ကြည့်သည်။ ပြီးနောက် သူ့မြက်ဖုတ်နှင့်သူ အလုပ်ပြန်ရှုပ်နေ၏။ အောင်ထက်လဲ မနေနိုင်တော့၊ သံတိုင်လေးထကိုင်ကာ

"ဂျိုလီ၊ ဂျိုလီရေ မီးမီး"

"ညောင်"

ကြားနေကျအသံမို့ ဂျိုလီမြည်သံပေးပြီး ခေါင်းထောင်ကြည့်သည်။ အောင်ထက် အားတက်သွားပြီး

"ဂျိုလီ လာ လာ မိ မိ"



www.burmeseclassic.com

www.burmeseclassic.com



"ညောင်"

ဂျူလီပြေးလာသည်။

"ညောင်"

အနောက်ကကြောင်ထီးအော်သံကြားတော့ ဂျူလီအပြေးရပ်သွားသည်။

"ညောင်"

အနောက်ကို ပြန်လှည့်ကြည့်သည်။

"ညောင်"

သူတို့အချင်းချင်းသာ နားလည်မည့် ဘာသာစကား။

"ညောင်"

ဂျူလီက အောင်ထက်ဖက်လှည့်အော်ပြီး ဖျတ်ခနဲ ကြောင်ထီးဖက်ပြန်ပြေးသွားသည်။

"ဂျူလီ ဂျူလီ ဟာ လုပ်ပါဦး၊ ဂျူလီ ဂျူလီ ပြန်လာခဲ့ပါဦး၊ ဂျူလီသမီးရေ ဟော့ သမီးလေး ပွတ်ပွတ်"

ဘယ်လိုမှ ပြန်ခေါ်မရတော့။ ဂျူလီက ကြောင်ထီးနားသွားပြီး ကလူ၏သို့ မြူ၏သို့ လုပ်နေ၏။ ဒါကိုကြည့်၍ သူတို့နှစ်ယောက်လဲ မျက်လုံးပြူးသွားပြီး

"ဟာ ဒုက္ခပဲ၊ ဒုက္ခပဲ၊ ခင်နဲ့တော့ ကွိုင်တက်ပြီ၊ ပြဿနာကတော့ ကြီးပြီ"

"ဟာ ဂျူလီမပါရင် ကျုပ်တော့ တရားစွဲခံရပြီဗျ၊ တရားစွဲခံရပြီ၊ သွားပြီ ဟော့လူ ရအောင်ခေါ်ပါဦး"

"ခေါ်နေတာပဲဗျာ၊ သူမှမလာတာ"

"မလာရင် ကျုပ် တရားရုံးရောက်မှာဗျ"

"ခင်ဗျားကြီးပဲ မဟုတ်ဘူး၊ ကျုပ်လဲ တရားရုံးရောက်မှာ"

"ဘာလို့လဲ"





"ကွာရှင်းစာချုပ်လက်မှတ်ထိုးဖို့လေ ဟာ သွားပြီ"

"ဟင် ဒါဆို မြန်မြန်ခေါ်လေ၊ ဂျူလီ ဂျူလီ သမီးလေး"

"ဂျူလီရေ မိ မိ မိ"

ဘယ်လိုခေါ်ခေါ် ကြောင်မလေးက သူတို့ကို လှည့်မကြည့်တော့။ ထို့ကြောင့်

× × ×



www.burmeseclassic.com

ဇောချွေးများပျံသည်အထိ အုတ်တံတိုင်း သံတိုင်များ ခေါင်းညပ်သည်အထိ ကြိုးစားနေရရှာသည်။

ကြောင်ကား ကြောင်ကိုသာပို၍ချစ်၍ လူကို အခြားသတ္တဝါသဖွယ် မြင်နေရှာပြီ။

သူတို့ဘာသာစကား မဟုတ်သော

"ဂျိုလီရေ မီ မီ မီ"

ဆိုသောစကားကို မမှတ်မိတော့။ သံတိုင်ကြား ခေါင်းညပ်ပြီး ဟိုနှစ်ဌာန ဘာလုပ်လို့လုပ်နေသည်ကို မသိတော့။ ဇောချွေးများနှင့် ရှည်လျားသောလက်တံများက အကြည့်ရဆိုးပေစွဟုပင် ထင်မြင်





နေပေပြီ။

ကြောင်မကား ယခင် သူတို့နှင့်နေနေရ၍ သူလိုကိုယ်လိုဟုပင် ထင်ခဲ့ဖူးသည်။ ယခု မျိုးတူသူနှင့် ချစ်ရည်လူးမိသောအခါ ထိုလူသတ္တဝါများမှာ လွန်စွာကြည့်ရဆိုးဖွယ်ဖြစ်နေ၏။

ဟုတ်သား။ သူတို့လိုလဲ ခန္ဓာကိုယ်ပေါ် အမွေးအတောင်များ ဖုံးမနေ။

သူတို့လိုလဲ နားရွက်မထောင်။ သူတို့လိုလဲ လေးဖက်ထောက်မသွားဘဲ ကလန်ကလားနှင့် အကြည့်ရဆိုးဘိတောင်း။ ထို့ကြောင့် ပေါင်းခြင်းပေါင်းလျှင် ကြောင်အချင်းချင်းပဲ ပေါင်းမည်ဆုံးဖြတ်ချက်နှင့် ရှေ့မှကြောင်ထီးကြီး ချစ်စဖွယ်ကစ်ကစ်ကြီးကိုပဲ လက်သည်းလေးမဖွတဖွာနှင့် ကုတ်ခြစ်ရင်းကျီစယ်နေလိုက်တော့သည်။

ဟိုရုပ်ဆိုးဆိုး သတ္တဝါနှစ်ကောင်ကတော့

"ဂျိုလီရေ မီ မီ မီ"

"ဂျိုလီရေ သမီးလေးရေ"

ဟူသောမြည်သံပေး၍ ဇောချွေးများ ခြေမ,တောက်တောက်ကျသည်ထိ အော်မြည်နေတုန်း။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငိုက်စိုက်ချပြန်လာသော အောင်ထက်နှင့်ဇော်မောင်ကိုမြင်တော့ ခင် ရင်ဘတ်ကိုဖိသည်။ နောက် မျက်လုံးကြီးပြူးပြီး

"ဟင် ဂျူလီ ဂျူလီ အောင်မလေး ဂျူလီရဲ့"

လူမမြင်ခင်ကတည်းက အသံကြားလိုက်၍ နှစ်ယောက်လုံးတွန့်ဝင်သွား၏။

ခင်က အူယားဖားယားပြေးလာပြီး

"ဟင် ဂျူလီ ဂျူလီရောဟင်၊ ရှင်တို့ ဂျူလီကို ဘယ်မှာသွားပစ်လာတာလဲ၊ ဘယ်မှာသွားပစ်လာတာလဲ"

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်





ကြသည်။

"ပြောလေ ပြောလေ၊ ဂျူလီကို ဘယ်မှာသွားပစ်ခဲ့လဲလို့"

အောင်ထက်က ခေါင်းယမ်းပြီး

"မပစ်ခဲ့ပါဘူးမိန်းမရယ်"

အောင်ထက်စကားကို ခင်က မျက်လုံးပြူးပြီး

"ဟင် မပစ်ခဲ့ဘူးဆို ဘယ်ရောက်သွားလဲ၊ ဘယ်ရောက်သွားလဲ"

အောင်ထက် သက်ပြင်းချပြီး

"ဂျူလီ ဂျူလီလင်နောက်လိုက်သွားလို့ပါကွာ"

"ဟင်"

အောင်ထက်စကားကြောင့် ခင် ကြက်သေသေသွား၏။

"ဘာရယ်၊ ဂျူလီ လင်နောက်လိုက်သွားလို့"

အောင်ထက်နှင့်ဇော်မောင် ခေါင်းညိတ်ရင်း

"ဟုတ်တယ်၊ ဂျူလီအိမ်ထောင်ကျသွားပြီ"

ထိုတော့မှ ခင်မျက်လုံးကြီးပြူးပြီး

"ဟင် ဂျူလီ အိမ်ထောင်ကျသွားပြီ၊ ဘယ်ကလေကချေနဲ့ကျရတာတုန်း၊ အောင်မလေး ဆေးခန်းလေးတစ်ခါ လွှတ်မိပါတယ်၊ တစ်ခါတည်း အိမ်ထောင်တန်းကျရလား၊ အောင်မလေး ဂျူလီက အပျိုအစစ်ပါတော်၊ ဒီလိုစိတ်မျိုး မရှိပါဘူး၊ မဟုတ်မှလွဲရော၊ ရှင်တို့ ဂျူလီကို သွားပစ်ခဲ့ပြီး ကျွန်မကို ကြားကောင်းအောင် လာပြောနေတာမဟုတ်လား၊ ပြောစမ်း"

သူ့စကားကို ဇော်မောင်ကလဲ

"တကယ်ပြောတာပါ မခင်ရယ်၊ သွားတဲ့လမ်းမှာပဲ ရုပ်ချောချောင့်ဖြောင့်ကြောင်တစ်ကောင်နဲ့တွေ့လို့ တစ်ခါတည်း ဆင်းနေခဲ့တာပါ။ ဟိုဖက်ကြောင်ကလဲ ရုပ်ရည်တင်မက အဆင့်အတန်းပါမြင့်တော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့လဲ သဘောတူပြီး ကျေကျေနပ်နပ်ပဲ ထားခဲ့တာပါ”

ဇော်မောင်ကပါ ဝင်ပြောပေးနေ၍ ခင်ကြောင်သွားသည်။ နောက်မှ သတိရပြီး

“မယုံဘူး၊ မယုံဘူး၊ ဒါ ရှင်တို့တမင်ညာတာပဲ ဖြစ်ရမယ်၊ ဂျူလီ ဘယ်မှာလဲသာပြော၊ ဂျူလီဘယ်မှာလဲ”

“စိတ်လျှော့လိုက်ပါ မိန်းမရာ၊ ဂျူလီ တကယ်ကို အိမ်ထောင်ကျသွားပါပြီ၊ သူ့ယောကျာ်းကလဲ သူ့ကို အိမ်တဆောင်မီးတပြောင်နဲ့ထားမှာပါ၊ ကောင်လေးကလဲ အဆင့်ရှိပါတယ်”

သူတို့ရှင်းပြစကားကို ခင်မယုံနိုင်သေး။ အတန်ကြာမှ

“မယုံဘူး၊ ရှင်တို့ပြောသမျှ ကျွန်မယုံရအောင် ကျွန်မ မအဘူး၊ တကယ်ဟုတ်တယ်ဆိုရင် ရှင်တို့ကိုယ်တိုင်လိုက်ပြ၊ မပြနိုင်လို့ကတော့ ဆရာဝန်ရော ယောကျာ်းရော မရွေးဘူး၊ နှစ်ယောက်လုံး တရားစွဲပစ်မယ်”

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်မိကြသည်။

“ကဲ ပြောမယုံတော့လဲ ကြုံဖူးအောင်ပြရတာပေါ့”

“အဲဒါအကောင်းဆုံးပါပဲလေ”

× × ×





သွားနေကျလမ်းမဟုတ်ပါဘဲ တစ်ခါသာရောက်ဖူးသည်မို့ လမ်းက အရှာရခက်၏။ ပထမသွားစဉ်က ကြောင်မပိုက်၍ ကြောင်ထီးကိုသာ ဂရုတစိုက်ကြည့်သွားတော့ လမ်းကိုကား ရေရေရာရာ မမှတ်မိတော့။

“ဘယ်ကွေ့ရမှာလား မသိဘူး”

“ညာနေဉ် ကိုအောင်ထက်၊ ကျွန်တော်မှတ်မိတယ်”

“မဟုတ်သေးဘူး ကိုဇော်မောင်၊ ကျွန်တော်က ဟိုအုတ်နံရံအနီကို မှတ်ထားတာ”

“မထင်နဲ့နေဉ်၊ ညာပဲဖြစ်မှာ၊ ကျွန်တော်က ဟိုးအိမ်ဘူးကြီး



www.burmeseclassic.com

www.burmeseclassic.com



မှတ်ထားတာ"

သူတို့နှစ်ယောက်ကိုကြည့်၍ ခင်က

"ရှင်တို့နှစ်ယောက် လိမ်ရင်လဲ ပိပိရိရိလိမ်၊ ကျွန်မသမီးလေးကို သွားပစ်ပြီး အခုလမ်းပျောက်နေပြီမဟုတ်လား"

သူမစကားကို အောင်ထက်က

"မဟုတ်ပါဘူးမိန်းမရာ၊ ကိုယ်တို့လဲ ကိုယ့်ဇောနဲ့ကိုယ်မို့ ဇဝေဇဝါ ဖြစ်နေတာပါ"

"မလိုချင်ဘူး၊ ချက်ချင်းတွေ့အောင်ပြန်ရှာ"

"ရှာနေတာပဲမိန်းမရာ၊ ခဏလေး စိတ်ရှည်ရှည်ထား"

"အေး မတွေ့လို့ကတော့ နှစ်ယောက်လုံးတရားစွဲမယ်"

ကားတစ်စီးနှင့်သုံးယောက်သား ရှာလည်နေကြသည်။ သွားနေကျမဟုတ်၍ လမ်းကို မနည်းရှာရသေး၏။ နောက်ဆုံးတော့ တွေ့သည်

"အဲဒီအိမ်ပဲခင်"

ခင်က ကားပေါ်မှဆင်းသွားသည်။

"ဂျူလီ ဂျူလီရေ"

"ညောင်"

ခင်၏အသံကြားတော့ ဂျူလီထူးသံကြားရ၏။

"အောင်မလေး ဂျူလီရယ်လာပါဦး၊ မမဆီကို"

"ညောင်"

မြည်သံပြုရင်း ဂျူလီက ခင့်ဆီကိုပြေးလာ၏။ ခင်က ဂျူလီကို တယုတယချီရင်း

"ပြောစမ်းပါဦး ဂျူလီရေ၊ သမီးလေးကို သူတို့က ဒီမှာလာပစ်ထားတာမဟုတ်လား"

"ညောင်"





"ဟင်"

အနောက်မှအော်သံကြားတော့ ခင်ရောဂျူလီရော ပြန်ကြည့်မိသည်။

"ညောင်"

"ဟင်"

ဟုတ်ပါသည်။ ကြောင်ထီးတစ်ကောင်။ ခင်နှင့်ဂျူလီကို လာငေးကြည့်နေသည်။ ခင်က ဂျူလီကိုငုံ့ကြည့်ပြီး

"ဂျူလီ ဂျူလီ ဒါ ဒါ သမီးချစ်သူလား"

---

အောင်ထက် **မျက်နှာ**ကသာ

ဝမ်းနည်းချင်**ယောင်**

ဆောင်**နေ**ရသော်လည်း

လူက ထ**ခုန်**မိမတတ်

ဝမ်း**သာ**နေရ၏။

---

"ညောင်"

ဂျူလီက မြည်သံပေး၍ ခင့်လက်ထဲမှ ခုန်ဆင်းသွားသည်။

"ညောင်"

"ညောင်"

ဂျူလီက သူ့ချစ်သူကြောင်ထီးလေးနားတွင် သွားထိုင်ပြီး ခင့်ကိုပြန်ကြည့်သည်။

"ဂျူလီရယ် အဟင့်"

ခင်မျက်ရည်ဝိုင်းသွားသည်။ ဟုတ်ပေလိမ့်မည်။ မွေးကတည်းက မွေးလာရသည့်ကြောင်လေ။ တစ်နယ်တစ်ကျေးရောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ရမည်မို့ စိတ်မကောင်းဖြစ်ချင်စရာ။

"ဂျိုလီ ဂျိုလီ မမနဲ့ပြန်မလိုက်တော့ဘူးလားဟင်"

"ညောင်"

ဂျိုလီက မြည်သံပေးပြီး ခေါင်းခါပြနေသယောင်။ မှန်ပေသည်။ ဘယ်လောက်ချစ်ချစ် မျိုးတူခြင်းသာ ပေါင်းကြမည်သာ။

"ဂျိုလီရယ်၊ မမဆီလာပါဦးကွယ်"

"ညောင်"

ဂျိုလီလုံးဝမလာတော့။ အောင်ထက်က ခင်အနားကပ်ပြီး

"တရားနဲ့သာဖြေပါ ခင်ရယ်"

"အဟင့် အဟင့်"

ခင်၏တိတ်တဆိတ်ရှိုက်သံ။ အောင်ထက် ခင်ပခုံးကို တယုတယဖက်ရင်း

"အချိန်တန်တော့လဲ ခွဲကြရတာပါပဲခင်ရယ်၊ သူလဲ အရွယ်ရောက်ပြီဆိုတော့ ကိုယ်ချင်းလေးပဲ စာလိုက်သင့်ပါတယ်"

ခင်၏ရှိုက်သံက မဆုံးသေး။

"ခင်က သူ့ကို တစ်သက်လုံး အရိပ်တကြည့်ကြည့်မွေးလာတာ၊ အခု သူက"

အောင်ထက် သက်ပြင်းချရင်း

"ကဲပါခင်ရယ်၊ သူကမှ ပြန်မလိုက်ချင်တော့တာ၊ သူ့ဘဝနဲ့သူရှိပါစေတော့"

"ဂျိုလီရယ်"

"ကဲ ကဲ သိပ်မှောင်သွားမှာစိုးလို့ သွားကြစို့"

"ဂျိုလီရယ် အဟင့်"

ခင်ကတော့ ဝမ်းနည်းလို့ငိုနေတုန်း။ သို့သော် သူလဲ ဘာမှမတတ်နိုင်တော့။ တိရစ္ဆာန်က သူ့ဘာသာဘာဝနှင့်သူ ရှိနေပြီပဲ။ ထို့





ကြောင့် စိတ်ကိုလျှော့ပြီး

"မမနှုတ်ဆက်ခဲ့ပါတယ် ဂျိုလီရယ်၊ ကောင်းကောင်းနေခဲ့တော့နော် အဟင့်"

"ညောင်"

ဂျိုလီကလဲ နားလည်သည့်အလား မြည်သံပေး၏။

အောင်ထက်မျက်နှာကသာ ဝမ်းနည်းချင်ယောင်ဆောင်နေရသော်လည်း လူက ထခုန်မိမတတ် ဝမ်းသာနေရ၏။

"ပြီးပြီ၊ ပွဲပြတ်ပြီ၊ ဒီကြောင်ပါမလာရင် သူတို့ဟာန်းနီးမွန်းခရီးက သာယာပြီကို"

"ကဲ ခင်ရယ်၊ မှောင်သွားပါလိမ့်ဦးမယ်၊ ဂျိုလီကိုနှုတ်ဆက်လိုက်ပါဦး"

ခင်က မျက်ရည်လေးစမ်းစမ်းနှင့်

"နှုတ်ဆက်ခဲ့ပါတယ်ဂျိုလီ၊ ကောင်းကောင်းနေခဲ့နော်"

"ညောင်"

ကြောင်ကလေးကလဲ ပြန်နှုတ်ဆက်သည်။

အောင်ထက်၏ရင်ထဲတွင်တော့ ဝမ်းသာလုံးတွေဆို့နေ၏။

ခင်က မသွားချင်သွားချင် ခြေလှမ်းမျိုး။

သြော် လူဆိုတော့လဲ သံယောဇဉ်က ဖြတ်ခဲသားကို။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကားလေးက ခပ်ဖြည်းဖြည်းသာလိမ့်နေသည်။ ခင်က မျက်ရည်စမ်းစမ်းနှင့်

"ဂျိုလီ အဆင်မှပြေရဲ့လားမသိဘူး မောင်ရယ်"

အောင်ထက်က ဝမ်းသာသံကို မနည်းဖုံးဖိပြီး

"အဆင်ပြေမှာပါခင်ရယ်၊ သူလဲ နေတတ်မှာပါ"

စိတ်ထဲကြိတ်ပျော်နေမိသည်။ ဟိုရောက်သည်နှင့် မင်းနိုင်တို့လင်မယားကို အရင်မောင်းချမည်။ နောက်မှ ကျန်သူများကို ဖြည်းဖြည်းချင်း။ ခင်က အနောက်ပြန်ငေးရင်း

"ဒီလိုမှန်းသိရင် သူတို့အိမ်ရှင်ဆီ အသေအချာအပ်ခဲ့ပါတယ်၊





အခု"

အောင်ထက်လန့်သွားပြီး ကားကို အရှိန်အနည်းငယ် မြှင့်လိုက်သည်။

တော်ကြာ ခင်က ပြန်လှည့်ခိုင်းနေမှဖြင့် နှုတ်မှလဲ

"စိတ်ချရပါတယ် ခင်ရယ်၊ ဂျိုလို့ယောက်ျားပုံကြည့်ရတာ၊ ကြောင်ချစ်တဲ့အိမ်ကပုံပါပဲ"

ဇော်မောင်ကပါဝင်၍

"ဟုတ်ပါတယ် မခင်ရယ်၊ ကြောင်ရုပ်ကြည့်တာနဲ့ သိသာပါတယ်၊ ဂျိုလီကံကောင်းမှာပါ"

"စိုးရိမ်လို့ပါရှင်၊ စိုးရိမ်လို့ပါ၊ ဩော် ဂျိုလီ၊ ဂျိုလီ၊ ဟင် ဂျိုလီ ဂျိုလီ"

ရုတ်တရက် ခင်ကထအော်တော့ အောင်ထက်ပင်လန့်သွားသည်။

"ဟင် ဘာ ဘာဖြစ်လို့လဲ"

သူ့စကားကို ခင်က ထိုင်ရာမှပင်ထပြီး

"ဂျိုလီ ဂျိုလီ ဟိုမှာ ဂျိုလီ"

"ဟင်"

အောင်ထက် မျက်လုံးပြူးကာ

"ဘယ်မှာလဲ ဘယ်မှာလဲ"

"ဟိုမှာ အနောက်မှာ အနောက်မှာ ဂျိုလီပြေးလိုက်လာတယ်"

"ဟင်"

အောင်ထက် လန့်ပြီးပြန်လှည့်ကြည့်မိသည်။

"ဟာ"

ဟုတ်ပါသည်။ သခင်၏ကားနောက် အတင်းပြေးလိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



သောဂျိုလီ။ ဂျိုလီကိုမြင်တော့ ခေါင်းနပန်းကြီးသွားရသည်။

"ဟာ"

ရုတ်တရက်ဂီယာချိန်းပြီး လီဗာနင်းရန်ပြင်စဉ်

"ရပ်လေ၊ ရပ်၊ ကားရပ်လေ၊ ဟိုမှာ ဂျိုလီပြေးလာပြီ"

"ဟင်"

ခင်၏အော်သံ။ အောင်ထက်လဲ ကြောက်ပြီး ဘရိတ်ဆောင့်နင်းမိလိုက်သည်။

"ကျွီ"

ကားလေးအရှိန်က တုန့်ခနဲ။ ခင်က ကားပေါ်က ကမန်းကတန်းပြေးဆင်းပြီး

---

ကြောင်နောက်ပြေးလိုက်လာရင်း
ကြောင်ပိုက်ထားသော ခင်တို့ကိုမြင်၍
အံ့အားသင့်သွားပုံရ၏။
နောက် သူ့ကြောင်ထီးကို သူပိုက်ပြီး

---

"ဂျိုလီ သမီး ဂျိုလီ"

"ညောင်"

ကြောင်လေးကလဲ သူမရင်ခွင်ထဲ ပြေးဝင်လာ၏။

"ညောင်"

ခင်က သူ့ကြောင်မလေးကိုဖက်ကာ

"ဂျိုလီက မမနဲ့မခွဲဘူး မဟုတ်လား၊ မခွဲဘူး ဟုတ်လား"

"ညောင်"





ကြောင်လေးကလဲ သနားစဖွယ် မြည်သံပေး၏။ ထို့အပြင်

"ညောင်"

"ဟင်"

နောက်ထပ်ညောင်သံကြား၍ အားလုံးအံ့အားသင့်သွား၏။ ဟုတ်ပါသည်။ ဂျိုလီနောက် ပြေးလိုက်လာသော ကြောင်ထီးလေး။

ကြောင်ထီးကိုမြင်တော့ အားလုံးကြောင်နေမိ၏။ ဒါကို ခင်က ဝမ်းသာပြီး

"ဟယ် ဂျိုလီက မမနဲ့လဲ မခွဲနိုင်၊ ချစ်သူနဲ့လဲ မခွဲနိုင်လို့ ချစ်သူကိုခေါ်လာတာလား"

"ညောင်"

"ညောင်"

နှစ်ယောက်လုံးက ဟုတ်ကြောင်းမှန်ကြောင်း ထောက်ခံကြ၏။ ခင်က ကြောင်ထီးလေးခေါင်းကိုပွတ်ပြီး

"ဒီလောက်တောင် မခွဲနိုင်ရင်လဲ မမခေါ်သွားရမှာပေါ့ ဟုတ်ဖူးလား"

သူတို့ပြောနေစဉ်အချိန်အတွင်း ပြေးလိုက်လာသောခြေသံများ။

"ဟာ"

ခင်တို့အရွယ် အမျိုးသမီးတစ်ယောက်။

"ဘရက်ပစ် ဘရက်ပစ်၊ နင်ဘယ်လျှောက်ပြေး ဟင်"

ကြောင်နောက်ပြေးလိုက်လာရင်း ကြောင်ပိုက်ထားသောခင်တို့ကိုမြင်၍ အံ့အားသင့်သွားပုံရ၏။ နောက် သူ့ကြောင်ထီးကို သူပိုက်ပြီး

"ရှင်တို့ ရှင်တို့က ဘယ်သူတွေလဲ၊ ဘရက်ပစ်ကို ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားရတာလဲ"

ခင်ကလဲ သူ့ဂျိုလီကို သူပိုက်ပြီး

"ကျွန်မတို့ခေါ်လာတာ မဟုတ်ပါဘူး၊ ရှင့်ကြောင်ကြီးက လိုက်လာတာပါ"

"ကျွန်မသားလေးကို ကြောင်ထီးလို့ မခေါ်ပါနဲ့၊ သူ့မှာ နာမည်ရှိတယ်၊ ဘရက်ပစ်တဲ့၊ ရှင့်ကြောင်မကသာ"

"ဘာကြောင်မ,လဲ၊ သူ့နာမည်က ဂျိုလီတဲ့၊ နာမည်အပြည့်

အို ကျွန်မသားဘရက်ပစ်ကို
ဒီအတိုင်းမထည့်ပေးနိုင်ဘူး၊ ကျွန်မက
သူ့မိခင်ဝမ်းက ကျွတ်ကတည်းက
တယုတယ မွေးထားတာ

အစုံက အင်ဂျလီနာဂျိုလီ"

အရေးထဲ ကြောင်ခြင်းက ပြိုင်နေသေး၏။ သို့သော် ဘရက်ပစ်နှင့်ဂျိုလီက ဖူးစာဆုံနေပေပြီ။ အမှန်တော့ သူတို့နှစ်ယောက်ဟာ Mr & Miss ကျမှဆုံရမှာ၊ အခု ကြောင်ဘဝထဲက ဆုံနေပေပြီ။

"ဒါနဲ့ နေစမ်းပါဦး၊ ကျွန်မရဲ့ဘရက်ပစ်နဲ့ ရှင့်ဂျိုလီက ဘယ်လို ဆုံကြတာလဲ"

"ရိုက်ကွင်းမှာဆုံကြတာလေ၊ အဲလေ အဖြစ်က ဒီလိုပါ"

ဖြစ်စဉ်အစအဆုံးသိသော ဇော်မောင်က ရှင်းပြလိုက်သည်။ ထိုတော့မှ ခင်လဲ သဘောပေါက်ပြီး

"ဟင် ဂျိုလီဖြစ်နေတာ လင်လိုချင်နေတဲ့ရောဂါပေါ့"





ဒါကို ဘရက်ပစ်၏မိခင်ကလဲ

"ဟယ် ကျွန်မရဲ့ဘရက်ပစ်ကလဲ အဲဒီလိုမျိုးပဲ၊ အဲ အခုတော့ ကောင်းသွားပြီထင်တယ်၊ ပြေးနိုင်ခုန်နိုင်နေပြီ"

နှစ်ယောက်သား အနည်းငယ် သဘောတူညီမှု ရသွားသည့် သဘော။

"ဒါဖြင့်လဲ နှစ်ယောက်လုံး နေကောင်းသွားအောင် ရှင့်ရဲ့ ဂျိုလီကို ထားခဲ့လိုက်လေ"

ချက်ချင်း သဘောထား ပြန်ကွဲသွားသည်။

"အို ဘယ်လိုထားခဲ့လို့ရမှာလဲ၊ ရှင့်ဘရက်ပစ်သာ ထည့်ပေးလိုက်"

ဟိုကလဲ သူ့ကြောင်ထီးသူပိုက်ပြီး

"အို ကျွန်မသားဘရက်ပစ်ကို ဒီအတိုင်းမထည့်ပေးနိုင်ဘူး၊ ကျွန်မက သူ့မိခင်ဝမ်းက ကျွတ်ကတည်းက တယုတယ မွေးထားတာ"

"အောင်မယ်၊ ကျွန်မသမီးဂျိုလီကိုလဲ ကြည့်ပါဦး၊ ခြေမွေးမီးမလောင် လက်မွေးမီးမလောင်"

ထိုစဉ်မှာပင်

"မိချို ဘာဖြစ်နေတာလဲဟေ့"

သူတို့အနားပြေးလာသော လူတစ်ဦး။ အောင်ထက်တို့အရွယ် လောက်သာရှိမည်။ ဘရက်ပစ်မိခင်က ဝေ့ကြည့်ပြီး

"ကိုကျော် ဒီကိုလာပါဦး"

ကိုကျော်ဆိုသူမှ ပြေးလာသည်။ အနားရောက်တော့

"ဘာဖြစ်တာလဲ ပြော မိချို"

"ဘာဖြစ်ရမှာလဲ ကိုကျော့်သား ဘရက်ပစ်ပေါ့၊ အခု မိန်းမ ရနေလို့"

ထိုသူ မျက်လုံးပြူးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘရက်ပစ်က မိန်းမရလို့ သူ့မိန်းမက ဘယ်သူလဲ"

"ဒီမှာလေ၊ ဂျိုလီတဲ့"

"ဟင် ဒါဆို တို့ဘရက်ပစ်ကို ဂျနီဖာအန်နာစတန်နဲ့ စေ့စပ်ထားတာ ဘယ်လိုလုပ်ရမှာလဲ"

"အဲဒီစေ့စပ်ပွဲကို ဖျက်ရမှာပေါ့"

"ဒါဆို ဂျိုလီနဲ့ကရော"

"အဲဒါကိုပြောတာပေါ့"

မချို ငိုမဲ့မဲ့ဖြစ်သွားသည်။

"ဘရက်ပစ်က ဂျိုလီကိုမခွဲနိုင်"

ဟုတ်ပါသည်။ ကြောင်နှစ်ကောင်မှာ လူနှစ်ယောက်လက်ထဲမှာရှိနေတာတောင် တစ်ကောင်ကိုတစ်ကောင် မီးရာကို လျှာနှင့်လှမ်းလျက်နေကြသည်။ ဒါကို ကိုကျော်က

"မခွဲနိုင်လဲ ဂျိုလီကို ခေါ်ထားလိုက်လေ၊ သူတို့က လင်မယားဖြစ်နေပြီပဲ၊ ယောင်နောက်ဆံထုံးပါရမှာပေါ့"

ဒါကို ခင်ကလဲ

"အို ကျွန်မတို့ဂျိုလီကို အဲဒီလိုတော့ မထားခဲ့နိုင်ပါဘူး၊ ဂျိုလီနဲ့မခွဲနိုင်လို့ ကျွန်မတို့ မြန်မာပြည်တစ်ပတ် ဟန်နီးမွန်းထွက်တာတောင် ခေါ်လာတာ"

ဟိုနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်ကြသည်။ ပြီးနောက် မိချိုကလဲ

"ကျွန်မကလဲ ဘရက်ပစ်ကို မခွဲနိုင်ဘူး၊ မွေးကတည်းက အရိပ်တကြည့်ကြည့် ကြည့်လာရတာ၊ သားသမီးမရလို့ သားအရင်းလို ချစ်လာရတာ"

"နောက်တစ်ကောင် ထပ်မွေးပေါ့"

"ရှင်မွေးပါလား"





နှစ်ယောက်သား ထိုကိစ္စနှင့်တော့ မလျှော့နိုင်ကြပြန်ဖြစ်နေသည်။ အတန်ကြာမှ

"ကဲ ဒါဆို ဘယ်လိုလုပ်ကြမှာလဲ"

ဒါကို နံဘေးနားက စိတ်မရှည်တော့သော အောင်ထက်က

"ထားခဲ့ရင်ထားခဲ့၊ မထားခဲ့နိုင်လဲ ခေါ်ခဲ့ပေါ့ ခင်ရယ်"

ခင်က ကြောင်လေးကိုပိုက်ပြီး

"ထားတော့ မထားခဲ့နိုင်ပါဘူး"

"ဒါဆို"

အောင်ထက် မျက်လုံးပြူးရပြန်သည်။ ထင်သည့်အတိုင်းပင်

"ရှင်တို့လဲ ကျွန်မတို့နဲ့အတူ မြန်မာပြည်တစ်ပတ် လိုက်ခဲ့ပါလား"

"အဲ"

ကိုကျော်နှင့်မိချို တစ်ယောက်မျက်နှာတစ်ယောက်ကြည့်သည်။

အောင်ထက်ကတော့ အနောက်မှာ ခေါင်းကို ခပ်ကြမ်းကြမ်းကုတ်သည်။

ဟိုနှစ်ယောက်ကလဲ စဉ်းစားနေပုံရသည်။ အတန်ကြာမှ

"အင်း ကြောင်လေးတွေကလဲ မခွဲနိုင်မခွာရက် ဖြစ်နေပြီဆိုတော့ သူတို့ချစ်ခြင်းကိုတော့ မခွဲချင်ပါဘူး၊ အဲ ဒါပေမယ့်"

မချိုက ကိုကျော်ကိုပြန်ကြည့်သည်။

"ကြောင်လေးစိတ်မချလို့ ကျွန်မလိုက်ရင်လဲ ကိုကျော်က"

"ကဲ ကိုကျော်ပါလိုက်ခဲ့ဗျာ"

အခြေအနေသိသော အောင်ထက်က ထအော်သည်။ သူ့မှာ စိတ်ရှုပ်နေပြီကိုး။

ဒါကို ကိုကျော်က



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်လိုက်တာ ဟုတ်ပါပြီ၊ ကိုကျော်အလုပ်တွေက"

"အလုပ်တွေပါ သယ်ခဲ့ဗျာ"

အောင်ထက်စကားကြောင့် ကိုကျော်ခေါင်းထောင်သွားသည်။

"အလုပ်တွေ သယ်ခဲ့ရမယ် ဟုတ်လား"

"ဟုတ်တယ်"

အောင်ထက်က ခပ်ပြတ်ပြတ်ပြောသည်။ ဒါကို ကိုကျော်က မယုံကြည်ဟန်ဖြင့်

"တကယ်လား"

"တကယ်"

အောင်ထက်က ပြတ်သားနေသည်။ ဒါကို ကိုကျော်က ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း

"အင်းလေ၊ အလုပ်တွေသယ်ခဲ့လို့ရရင် အဆင်ပြေတာပေါ့၊ ဒါနဲ့ ဘယ်ကိုသယ်ခဲ့ရမလဲ"

"ကျွန်တော်တို့မြို့စွန်က ဘုန်းကြီးကျောင်းမှာတည်းတယ်၊ မနက် အဲဒီကိုပဲလာခဲ့၊ ဒါပဲ"

ဒါကို ခင်ကလဲ

"မောင် ကြောင်လေးတွေ ခေါ်ခဲ့မယ်နော်"

"သဘော"

အောင်ထက် အလိုလိုနေရင်း စကားနည်းလာ၏။

"ဒါဆို မနက်ကျမှ ပြန်ဆုံမယ်နော်"

"သဘော"

အားလုံး ကားပေါ်ပြန်တက်ကြသည်။ ခင်ကတော့ ကြောင်နှစ်ကောင်ရ၍ ပြုံးပြုံးပျော်ပျော်။ အောင်ထက်ကသာ

× × ×





"ညောင်း"

"ဝေါင်း"

"ဝါး"

"ညောင်း"

ရင်ဘတ်ထဲမှလာသော ရင်တွင်းဖြစ်အသံများကြောင့် အိပ်ရာထဲ လူးလိမ့်နေသောမင်းနိုင် တင်းလာ၏။

"တောက် ကြောင်တွေကလဲ လူအလှည့်ကို မပေးဘူး၊ တစ်ချိန်လုံး သူတို့အလှည့်ချည်းပဲ"

သူ့စကားကိုကြားသော ပူတူးမိခင်က



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဟိုရဝတစာရေး၊ နင်ဘာစကားပြောတာလဲ၊ တည်းနေတာက ဘုန်းကြီးကျောင်း၊ ဖြစ်ချင်တာက မပြောလိုက်ချင်ဘူး"

ဒါကို မင်းနိုင်ကလဲ မလျှော့

"ဒါဖြစ်ချင်လို့ ဒါကြီးအပင်ပန်းခံ ခိုးလာတာဗျ၊ ခင်ဗျားတို့ကလဲ ကိုယ်ချင်းကိုမစာဘူး"

"ဟဲ့ ကိုယ့်သမီးကိစ္စ ကိုယ်ချင်းစာစရာလား၊ နင်သာ ခြေခြေမြစ်မြစ်ရှိရင် ငါ့သမီးကို တင့်တောင်းတင့်တယ် လာတောင်းပါလား"

"တောင်းဖို့မပြောနဲ့၊ ရုပ်ခံလဲရှိတယ်၊ ပိုက်ဆံအရလွယ်မှန်းလဲသိတာတောင် လမ်းထိပ်ထွက်မတောင်းဘူး၊ ဂုဏ်သရေမပါလို့"

"အေး နင်သာ ဝါသနာပါရင် သူတောင်းစားကိုဖြစ်တယ်"

သူတို့စကားကို မင်းနိုင်မိခင်ကပါ ပါလာပြီး

"ဟဲ့ နင်တို့ ငါ့သားကို သူတောင်းစားနဲ့မနှိုင်းနဲ့၊ သူတောင်းစားသိက္ခာကျတယ်၊ အဲလေ ငါတို့အမျိုး သိက္ခာကျတယ်၊ နင်တို့သာ အလုပ်မရှိ အလုပ်ရှာ မြေကြီးလုံးပြီး ကြော်ရောင်းနေတာ"

"အောင်မာ ရောင်းကောင်းတယ်တော့်၊ နင်တို့အမျိုးချည်းဝယ်စားတာ၊ တစ်ခါတလေ တီကောင်တောင် ထည့်ခိုင်းသေး"

"မျက်လုံးပြူးတယ်ဆိုလို့ ထည့်ခိုင်းတာ၊ အဲ ဟဲ့ကောင်မ နင်လွန်လာပြီနော်"

"လွန်တော့ ဘာဖြစ်လဲ"

"လွန်တော့ ငါလာပြီဟေ့"

နှစ်ဖက်အမျိုးထပြီး ရန်ဖြစ်နေပြန်တော့ အောင်ထက်ကဝင်ပြီး

"တော်ကြပါဗျာ၊ ကြောင်က နားငြီးတာကတစ်မျိုး၊ ခင်ဗျားတို့အမျိုးတွေကတစ်မျိုး"





သူ့စကားကို အမြဲအကျအနကောက်နေသော ပူတူးတို့အမေက

"ဟင် ကြောင်ကတစ်မျိုး၊ တို့အမျိုးကတစ်မျိုးဆိုတော့ ဒါတို့ကို သက်သက်ခွေးမျိုးလို့ ပြောတာပေါ့လေ"

အောင်ထက်လဲ သည်းမခံနိုင်တော့

"မပြောပါဘူး၊ ကိုယ့်ဘာသာကိုယ် ထင်နေတာပါ"

"ဟဲ့ ခွေးက အကြော်ကြော်ရောင်းစားမလားဟဲ့၊ စာရေးလုပ်တယ်ဆို တော်သေး"

ဤတွင် တစ်စခန်းထပြန်သည်။

"အေး ခွေးက စာရေးလုပ်တော့ နင်တို့အမျိုးတွေပဲ ခံဝန်လာထိုးနေတာလေ"

ထိုစကားကြားတော့ ကျော်စိုး ဆတ်ဆတ်ခါသွားသည်။

"ဒီမှာအဒေါ်ကြီး၊ ခင်ဗျား စကားကို စောင်းမပြောနဲ့၊ ဒီမှာ ခံဝန်ထိုးနေရတာ ကျုပ်တစ်ယောက်တည်းပါတော"

ဒါကို ကျော်စိုးမိန်းမပြုံးရီကလဲ ခေသူမဟုတ်မို့

"ငါ့ယောက်ျား သူ့ဘာသာသူ ခံဝန်ထိုးတာ၊ နင်တို့အကြော်အိုး တုတ်နဲ့ထိုးနေလို့လား ကောင်မတွေရဲ့"

"အေး အကြော်အိုး တုတ်နဲ့လာထိုးလို့ရမလား၊ ပေါင်ကြားညှပ်ထားတဲ့ ယောင်းမနဲ့ ပါးချပစ်မှာပေါ့"

"အားလုံးတိတ်"

"ဟင်"

ထင်မှတ်မထားသော အသံကြီးကြား၍ ကြောင်ပြီးရပ်ကုန်ကြ၏။ မှန်ပေသည်။ အင်မတန်ရိုးအေးပြီး စကားနည်းသော ဆရာဝန်ဇော်မောင်။

"အားလုံးတန်းစီပြီး ဆေးထိုးပစ်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မည်သူမှ တုတ်တုတ်မလှုပ်တော့။

ဇော်မောင်ဆေးထိုးလိုက်မှ အားလုံး တိရစ္ဆာန်ဘဝ ရောက်သွားကြပေလိမ့်မည်။ ဟိုက တိရစ္ဆာန်ဆရာဝန်ကိုး။

ကြောင်ကိုတောင် မရမက အိမ်ထောင်ချပေးခဲ့သည်ဆိုတော့ လက်ဆက ရှိပြီးသား။

တညောင်းညောင်း တဝေါင်းဝေါင်းနှင့် ကြောင်သံသာ ဆူညံဆဲ။

× × ×





တစ်ညလုံး ခင်က ဂျိုလီနှင့် ဘရက်ပစ်ကိစ္စ အလုပ်ရှုပ်နေ၍ ညနက်မှအိပ်ကြရသည်။ ကြောင်နှစ်ကောင်ကလဲ သူတို့ဘာသာသူတို့ တညောင်ညောင် တဝေါင်ဝေါင်နှင့်မို့ ရှိသမျှလူများလဲ တော်ရုံနှင့် အိပ်မရ။ မနက်လင်းခါနီးမှ မှေးခနဲအိပ်မောကျသွားရသည်။

အိပ်မောကျ၍ သိပ်မကြာခင်မှာပင် ဆူဆူညံညံအသံများကြောင့် လန့်နိုးလာကြရသည်။

“မောင် မောင် အရှေ့မှာ ဆူဆူညံညံနဲ့ ဘာသံတွေလဲ မသိဘူး”

“ဟုတ်ပ့ါကွာ၊ တစ်ညလုံး ကြောင်နှိပ်စက်လို့ မအိပ်ရ မနက်



www.burmeseclassic.com

www.burmeseclassic.com



ကျတော့လဲ”

“ဘာတွေဖြစ်နေတာလဲ မသိဘူး၊ ထကြည့်ရအောင်”

ဆိုကာ ထွက်ကြည့်လိုက်တော့

“ဟင်”

“ဟာ”

တည်းခိုသောဘုန်းကြီးကျောင်းဝတွင် ရပ်နေသောမိချိုနှင့် ကိုကျော်။ သူတို့က ခင်နှင့်အောင်ထက်ကို လက်ထောင်ပြနှုတ်ဆက်သည်။ ဟိုနှစ်ယောက်ကလဲ ကြောင်ပြီးလက်ပြန်ပြသည်။

ကိုကျော်နှင့်မိချိုအနောက်တွင်တော့ အထုပ်အပိုးတွေနှင့် အရွယ်ကောင်း လူအုပ်ကြီး။ လူအုပ်ကြီးမြင်တော့ အောင်ထက်မျက်လုံးပြူးကာ

“ဟင် ဟင် ဒါ ဒါတွေက”

ကိုကျော်က အနောက်ကိုပြုံးကြည့်ပြီး

“ခင်ဗျားပဲပြောတယ်လေ၊ အလုပ်တွေသယ်ခဲ့ဆို”

အောင်ထက်ရောခင်ပါ မျက်လုံးပြူးသွား၏။

“ဒါ ဒါဆို ဒါတွေက”

ကိုကျော်က ပြုံးရင်း

“ကျွန်တော်က ဘော်ဒါဆောင်ဖွင့်ထားတာလေ”

“ဟင်”

“ဟာ”

နှစ်ယောက်လုံး ကြက်သေ,သေသွား၏။ ဘာပြောရမှန်း မသိတော့။

“ဆရာရေ လုပ်ပါဦး၊ သားတို့ ဘယ်မှာတည်းရမှာလဲ”

“ဘယ်ကားတက်ရမှာလဲ ဆရာရေ့”

“ဟင်”





ကိုကျော်ကသာ ပြုံးပြီး

“ခင်ဗျားစကားအတိုင်း ကျုပ် အလုပ်တွေ တစ်ခါတည်း သယ်ခဲ့တာ မြန်မာပြည်တစ်ပတ်ပေါ့”

“ဟာ”

“ဟင်”

နှစ်ယောက်သား တုတ်တုတ်မျှမလှုပ်နိုင်။

(၈)တန်း၊ (၉)တန်း၊ (၁၀)တန်း သုံးတန်းတောင်ဆိုတော့ ကလေးများ ရာချီပါနေပြီ။

အတန်ကြာမှ ခင်က သတိရပြီး

“ကိုအောင်ထက်”

“ဗျာ”

အောင်ထက်ယောင်ပြီး ပြန်ထူးသည်။ ခင်က ဒေါသတကြီး ခါးထောက်၍

“ဂျိုလီကို သွားပစ်လိုက်တော့”

“ဟုတ်”

× × ×



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အပျက်ဖြစ်ပြီး

## သုံးလခန့်ကြာသောအခါ

× × ×





မင်္ဂလာပွဲတက်ဝတ်စုံချုပ်ပြီးမှ စိတ်ကို ဒိုးဒိုးချနိုင်သည်။

"အခုမှပဲ စိတ်အေးရတယ်မောင်ရယ်၊ မင်္ဂလာပွဲတစ်လျှောက် ဘာဖြစ်မယ် ဖြစ်မယ် တထင့်ထင့်နဲ့"

"ဟုတ်ပ့ါ ပူတူးရယ်၊ ခိုးပြေးတုန်းကလဲ ခိုးပြေးတုန်းမို့ မင်္ဂလာဆောင်တော့လဲ မင်္ဂလာဆောင်မို့ စိတ်ထင့်နေရတာ"

ပူတူးက သူ့ဆံပင်လေးသူသပ်ပြီး

"အင်း ရှေ့လျှောက် ဘာပြဿနာတွေ ကြုံရမလဲ မသိဘူးနော်"

မင်းနိုင်က ပူတူးနားသွား၍ ညင်သာစွာ မွှေးဖက်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့လျှောက် ဘာမှမဖြစ်စေရပါဘူး၊ ကဲ မနက်ဖြန် ဟန်းနီး မွန်းထွက်ချိန်ကစပြီး သာသာယာယာ ဖြစ်ပါပြီ"

မင်းနိုင်စကားကို ပူတူးက မျက်မှောင်ကြုတ်၍

"အင်း ဟန်းနီးမွန်းထွက်ဖို့ ကားရောစီစဉ်ထားပြီးပြီလား"

မင်းနိုင်က ရယ်ရင်း

"ဟားဟား စိတ်ချပါ။ ကားကို အကြီးကြီးငှားထားတဲ့အပြင် သွားမယ့်နေရာအားလုံးမှာလဲ ဘုန်းကြီးကျောင်း၊ အဲလေ တည်းခိုခန်း တွေအားလုံး ကြိုတင်ချိတ်ထားပြီးသားပါ၊ ဘာမှမပူနဲ့ အားလုံးအဆင် ပြေရစေ့မယ်"

ပူတူးပြုံးသွားသည်။ ဒါကို မင်းနိုင်က

"နောက်ပြီး ငှားထားတဲ့ကားက ရယ်ရတယ်သိလား၊ ပိုင်ရှင် ကိုယ်တိုင် မောင်းပို့မယ့်အပြင်၊ ဈေးလဲ လျှော့ယူတယ်၊ ငတုံး ငတုံး ဟိ"

သူ့စကားကို ပူတူးက

"ဟင်း ဒါမျိုးဆို သိပ်လည်တာပဲသိလား၊ လူဆိုး၊ ရေလဲမချိုး ဘဲ သူများကိုခိုးတယ်"

မင်းနိုင်က စပ်ဖြဲဖြဲနှင့်

"ကဲ မနက်ဖြန်အတွက် ကြိုပြီးပူမနေနဲ့၊ ဒီနေ့ကိုပဲ ပျော်ပျော် ပါးပါး အိပ်ရအောင်၊ အဲ နေရအောင်"

ပူတူးက ပြုံးပြီး

"သွား လူဆိုး"

ဆိုကာဖြင့်. .

× × ×





မနက်ဝေလီဝေလင်းမှာပင် အိမ်ရှေ့ကားရပ်သံကြားရသည်။

"တီ တီ တီ"

ကားသံကြားသည်နှင့် မင်းနိုင်ထပြီး

"ပူတူးရေ၊ အိမ်ရှေ့မှာ ဟန်းနီးမွန်းထွက်ဖို့ ကားရောက်ပြီနဲ့ တူတယ်၊ ပြင်ဆင်ရအောင်"

သူ့စကားကို အရင်နိုးနေသော ပူတူးမှ

"အားလုံးပြင်ဆင်ပြီးပါပြီမောင်ရဲ့၊ မောင်ပြင်ဆင်ဖို့ပဲ လိုတော့ တာ"

"အောင်မယ် ကိုယ့်မိန်းမက ဝီရိယရှိသေား၊ ဒါကြောင့် ချစ်



www.burmeseclassic.com

www.burmeseclassic.com



ရတာ၊ ကဲ မောင်မျက်နှာသစ်လိုက်ဦးမယ်"

မင်းနိုင်လုပ်စရာရှိတာ လုပ်သည်။ အားလုံးပြီးမှ

"ကဲ ပုတူးရေ အဆင်သင့်ဖြစ်ရင် သွားရအောင်"

"အဆင်သင့်ပါဆို"

နှစ်ယောက်သား ပျော်ရွှင်ပြီး အိမ်ထဲမှထွက်ခဲ့သည်။

"ဟော"

သူတို့ဟန်းနီးမွန်းထက်ရန်အတွက် ကားကအဆင်သင့်။

ကား၏အနောက်တံခါးကိုဖွင့်၍ တင်စရာပစ္စည်းများကို တင်လိုက်သည်။ ပြီးမှ

"လာ ပုတူး ကားပေါ်တက်"

နှစ်ယောက်သား ကားပေါ်တက်ရောက်မှ

"ကားဆရာ မောင်းလို့ရပြီ၊ ပျော်ပြီဟေ့ ဟီးဟိ"

မင်းနိုင်၏တက်ကြွသောစကား။ ဒါကို ကားဆရာက

"ခဏလေးစောင့်"

"ဟင်"

ကြားဖူးသလိုရှိသောအသံကြောင့် မင်းနိုင်အံ့အားသင့်နေသည်။ မသက်ာလို့ သွားကြည့်လိုက်တော့

"ကို ကိုအောင်ထက်"

အောင်ထက်ကိုမြင်တော့ မင်းနိုင်အံ့အားသင့်သွားသည်။ နောက် ကတုန်ကယင်ဖြင့်

"သွား သွားတော့လေ၊ ဘာစောင့်နေတာလဲ"

သူ့စကားကို အောင်ထက်က ခပ်တည်တည်ဖြင့်

"ကျွန်တော့်မိန်းမ စောင့်နေတာလေ"

"ဟင်"

မင်းနိုင်တုန်တက်သွားသည်။ နောက်မှ





"မခေါ် မခေါ်လို့မရဘူးလား"

အောင်ထက်က ခေါင်းခါပြီး

"ဘယ်ရမလဲဗျ၊ ကျုပ်မရှိရင် မိန်းမတစ်ယောက်တည်း ဘယ်ထားလို့ဖြစ်မလဲ"

ပုတူးနှင့်မင်းနိုင် ပါးစပ်တွေဟပြီး တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်သည်။ အောင်ထက်က အပြင်ကိုငေးပြီး

"ဟော ဟိုမှာလာပြီ"

ဟုတ်ပါသည်။ အောင်ထက်မိန်းမခင်က သူ့အချစ်တော်

---

မင်းနိုင်သမျှ ဘာမှမပြောရဲ

ဟိုက လုပ်ကိုက်ဟာကိုး

လွန်ခဲ့သည့်သုံးလက နေ့စဉ် သူ့ဆီတောင်

ခံဝန်လာထိုးခဲ့ရသေးတာကိုး

ထို့ကြောင့် အသံတိုးတိုးဖြင့်

---

ကြောင်မဂျိုလီလေးပိုက်ပြီး ရောက်လာသည်။

ကားပေါ်ရောက်သည်နှင့်

"စိတ်ညစ်ပါတယ်မောင်ရယ်၊ ခရီးထွက်မယ်ဆိုမှ ဂျိုလီက နေမကောင်းဖြစ်ပြန်ပြီ၊ အဟင့်"

ခင်၏ငိုမဲ့မဲ့စကား

"ဒါဆို"

"ခဏစောင့် ဆရာဝန်ခေါ်ထားတယ်"

ထိုစကားကြားတော့ မင်းနိုင်ခုန်ထမတတ် ဖြစ်သွားပြီး

"ဟင် ဆရာဝန်ခေါ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်က မင်းနိုင်ကိုငေ့ကြည့်ပြီး

"ဟုတ်တယ်၊ ဆရာဝန်က သူ့အဘွားစောင့်နေတာ"

"သူ့ သူ့အဘွား ဘွား"

မင်းနိုင် တက်မလိုပင် ဖြစ်သွားသည်။

မှန်ပေသည်။

ဆရာဝန်က သူ့အဘွားကိုတွဲ၍ ရောက်လာပါသည်။ သူတို့နောက်မှာက အဘွား၏မြေးလေး။

"ကလေး ကလေးပါ,ပါလာပြီ၊ ပါလာပြီ"

အားလုံး ကားပေါ် ခပ်တည်တည် တက်လာကြသည်။

မင်းနိုင်က အားလုံးကို ကြောင်ငေးကြည့်ပြီး

"လူ လူစုံပြီလားဟင်၊ သွားလို့ရပြီလား"

သူ့အမေးကို အဘွားနဲ့ပါလာသောကလေးက အပြင်သို့ ခေါင်းထုတ်ပြီး

"နေဦး၊ သားသူငယ်ချင်းကို စောင့်ရဦးမယ်"

"သေ သေပြီ၊ သေပြီ"

မင်းနိုင်က တကယ်ပဲ သေတော့မတတ် ဖြစ်နေသည်။

ကလေးပြောသည့်အတိုင်း ကလေးငယ်တစ်ယောက်။ နောက်သူ့မိဘနှစ်ပါးဖြစ်သော ပြုံးရီနှင့်ကျော်စိုး။

အားလုံး ကားပေါ် တက်လာသည်။ ကျော်စိုးက ခပ်တည်တည်ဖြင့်

"ဟော့ကောင် ဟိုဖက်တိုးစမ်း"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

မင်းနိုင်ခမျာ ဘာမှမပြောရဲ၊ ဟိုက လူမိုက်ဟာကိုး။ လွန်ခဲ့သည့်သုံးလက နေ့စဉ် သူ့ဆီတောင် ခံဝန်လာထိုးခဲ့ရသေးတာကိုး။ ထို့ကြောင့် အသံတိုးတိုးဖြင့်





"ကားဆရာ သွား သွားလို့ရပြီလား"

သူ့စကားကို ခင်က အရှေ့လက်ညှိုးထိုးပြီး

"ဟယ် ဟိုမှာ ဂျိုလီယောက်ျား ဘရက်ပစ်လိုက်လာပြီ"

"ဘာ"

မင်းနိုင် တကယ်ကို ထခုန်မိသည်။ ကြည့်လိုက်တော့ ဟုတ်ပါသည်။

သူတို့ထံ ပြေးလာသော ကြောင်ကြီးဘရက်ပစ်။

"ဟင်"

ကြောင်နောက်ပြေးလိုက်လာသော ကြောင်ပိုင်ရှင်မိချို။

ကားနားရောက်တော့ မိချိုက

"ဂျိုလီထွက်သွားတာသိလို့ ဘရက်ပစ်က လိုက်လာတာခင်ရယ်၊ သူတို့က ခွဲလို့မှမရတာ"

မိချိုစကားကို ခင်က

"ဒါဆို ဘယ်လိုလုပ်မှာလဲ"

မိချိုကလဲ

"ဘယ်လိုလုပ်ရမှာလဲ လိုက်ရမှာပေါ့"

"ဟာ"

မင်းနိုင် မျက်လုံးကြီးအပြင်ထွက်မတတ် ဖြစ်နေသည်။ ပြီးတော့ ပြုံးကြောင်ကြောင်နှင့် လတ်လတ်ဆတ်ဆတ်မယားပူတူးကို ကြည့်သည်။

ဒါကို ခင်က

"မမိချိုလိုက်မယ်ဆိုတော့ ကိုကျော်ကရော"

မိချိုက ကားပေါ် လှမ်းတက်ရင်း

"သူလဲ အလုပ်တွေသယ်နေပြီ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



မင်းနိုင်၏အော်သံ။ ကားပင်ပေါက်ထွက်မတတ် ကျယ်လောင်သွားသည်။

ပြီးနောက် ဘာမပြော ညာမပြောနှင့် ကားပေါ်ကပြေးဆင်းပြီး အသံကျယ်ကျယ်ဖြင့်

"ဒီဟာန်းနီးမွန်းခရီး ကျုပ်ဖျက်တယ်"

လေးစားစွာကြိုးစားလျက်
အကြည်တော်



www.burmeseclassic.com